# ၂၀၁၂ ခု အာရှတိုက်ရှိ အမျိုးသားလူ့အခွင့်အရေးဌာနများ ထူထောင်မှု နှင့် စွမ်းဆောင်မှု ဆိုင်ရာ ANNI အစီရင်ခံစာ

အမျိုးသားလူ့အခွင့်အရေးဌာနများဆိုင်ရာ
အာရှ အန်ဂျီအို ကွန်ယက် (ANNI)

အာရှ လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးရေးဆုံရပ်အဖွဲ့ (ဖော်ရမ်အေးရှား)က
ပြုစုထုတ်ဝေသည်။

## မြန်မာနိုင်ငံအပေါ် သင့်ရဲ့စိတ်အားထက်သန်မှုတွေကို ထိန်းချုပ်ထားပါဦး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သစ် တည်ထောင်မှုအပေါ် ဆန်းစစ်သုံးသပ်ခြင်း

မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ

လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ)

### ၁။ မြန်မာနိုင်ငံ၏ အထွေထွေလူ့အခွင့်အရေးအခြေအနေ

လွန်ခဲ့သည့် ၂၀၁၁ ခု စက်တင်ဘာလ ၅ ရက်နေ့တွင် မြန်မာအစိုးရက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင် (MNHRC) ကိုတည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးအရာရှိဖြစ်သူ သောမက်စ်ကင်တားနားက မြန်မာနိုင်ငံခရီးစဉ်အပြီး၌ နိုင်ငံတကာစုံစမ်းရေးကော်မရှင် တည်ထောင်ဖို့ ထပ်မံဆော်သြပြီး ရက်ပိုင်းအတွင်း ကော်မရှင်တည်ထောင်ကြောင်းကို အစိုးရပိုင် *မြန်မာ့အလင်း* သတင်းစာတွင် ကြေညာခဲ့သည်။ MNHRC တည်ထောင်ပြီး တလအကြာတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA) က [မြန်မာနိုင်ငံ] လူ့အခွင့် အရေးအခြေအနေဆိုင်ရာ နှစ်စဉ်ဆုံးဖြတ်ချက်ကို ဆွေးနွေးခဲ့ကြပြီး အာဆီယံအသင်းကြီးကလည်း ၂၀၁၄ ခုနှစ်တွင် ယင်း ဒေသဆိုင်ရာအဖွဲ့ကြီးကို ခေါင်းဆောင်ရန် မြန်မာနိုင်ငံ၏အားထုတ်မှုနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချခဲ့သည်။ သို့ဖြစ်ရာ MNHRC တည်ထောင်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းကို ချွေးသိပ်ရန်နှင့် နိုင်ငံတကာမျက်နှာစာတွင် မိမိ၏ပုံရိပ်ကို ပြန်လည်မွမ်းမံရန် အစိုးရ၏ကြိုးပမ်းချက်မျှသာဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်လာကြသည်။

မည်သို့ပင်ဖြစ်စေကာမူ MNHRC တည်ထောင်မှုကို လွန်ခဲ့သည့်နှစ်အတွင်း ပေါ်ပေါက်ခဲ့သည့် အပြုသဘောဆောင်သော အပြောင်းအလဲတခုဟု လွှတ်တော်အမတ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ရွေးကောက်ခံရမှု၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်မှု၊ မီဒီယာဆင်ဆာလျှော့ပေးမှုတို့နှင့်အတူ မကြာခဏညွှန်းဆိုကြပါသည်။

ဤသို့ ငြင်းမရနိုင်သည့် နိုင်ငံ့ယုဉ်ချက်အရတိုးတက်မှုများရှိသော်လည်း ပြီးခဲ့သည့်နှစ်အတွင်း၌ ဆိုးဝါးသည့်လူ့အခွင့်အရေး ဖောက်ဖျက်မှုများလည်း ဖြစ်ပေါ်နေခဲ့ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များ နှင့် MNHRC ၏ နောက်ဆက်တွဲ တုန့်ပြန်ချက်များကို သေသေချာချာစစ်ဆေးလေ့လာသည့်အခါ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်သူများကို တာဝန်ခံ စေမှုနှင့်ပတ်သက်သည့်ကော်မရှင်၏စိတ်ဆန္ဒအပေါ် လေးလေးနက်နက်မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။

၂၀၁၂ ခု ဧပြီလတွင်ပြုလုပ်ခဲ့သော ပါတီစုံကြားဖြတ်ရွေးကောက်ပွဲသည် အတော်အတန်လွတ်လပ်၍ အပြိုင်အဆိုင် ဖြစ်ခဲ့ပုံရပြီး အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ ဒေါ်အောင်ဆန်းစုကြည်နှင့်အခြားပါတီဝင်များ

လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံခဲ့ရသည်။ သို့သော်လောလောဆယ်၌ အတိုက်အခံအမတ်များသည် အမတ်ဦးရေနေရာအားလုံး၏ ၆.၆%ကိုသာ ချုပ်ကိုင်ထားနိုင်သေးသဖြင့် လွှတ်တော်တွင်းတွင် ကြီးကြီးမားမား အပြောင်းအလဲများဖြစ်မြောက်လာစေရန် အလွန်ခက်ခဲနေသေးသည်။ ထိုမျှမက နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) အဆိုအရ ၂၀၁၂ ခု အောက်တိုဘာလအထိ ခန့်မှန်းခြေအားဖြင့် နိုင်ငံရေးအကျဉ်းသား ၃၁၁ ဦး အကျဉ်းကျနေဆဲဖြစ်ပြီး အတည်မပြုနိုင်သေးသည့် အရေအတွက်မှာမူ ဤထက်ပိုနေနိုင်သည်။ တက်ကြွလှုပ်ရှားသူများမှာ ယခုတိုင်ခြိမ်းခြောက်ခံရဆဲ၊ အစိုးရ၏စောင့်ကြည့်မှုခံရဆဲ၊ ဖမ်းဆီးခံနေရဆဲဖြစ်သည်။ ယခုနှစ်အတွင်း တက်ကြွလှုပ်ရှားသူများကို လက်လွတ်စပယ်ဖမ်းဆီးထိန်းသိမ်းမှုများ တိုးပွားလာသည်ကို တွေ့ခဲ့ရသည်။ ၂၀၁၂ ခုနှစ်ဆန်းမှစ၍ နိုင်ငံရေးနောက်ခံအကြောင်းများကြောင့် လူ ၂၀၀ ကျော်ကို တရားဝင်စွဲချက်မတင်ဘဲ ဖမ်းဆီးခဲ့သည်။ မြေယာသိမ်းဆည်းမှုသတင်းများလည်း တိုးများလာနေပြီး တိုင်းရင်းသားပြည်နယ်အများအပြားတွင် အပစ်အခတ်ရပ်စဲရေး သဘောတူချက်များရထားသော်ငြားလည်း လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေပါသည်။ ကချင်ပြည်နယ်တွင် မြန်မာစစ်သားများက အရပ်သားများအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ နေရာအနှံ့ဖြစ်နေသည်။ ကျေးရွာများ မီးရှို့ခံရ၊ အမျိုးသမီးများမုဒိန်းကျင့်ခံရ၊ အရပ်သားများနှိပ်စက်ညှဉ်းဆဲခံရပြီး အသတ်ခံကြရသည်။ ရခိုင်ပြည်နယ်တွင် အရပ်သားများမှာ လူမျိုးရေးအကြမ်းဖက်မှုခံခဲ့ရပြီး ရိုဟင်ဂျာများအပေါ် မြန်မာအစိုးရက အခွင့်အရေးချိုးဖောက်မှုနှင့် ခွဲခြားဆက်ဆံမှု တောက်လျှောက်လုပ်ခဲ့သည်။ တဖက်တွင်မူ ဥပဒေနှင့် လူ့အခွင့်အရေးချိုးဖောက်သည့် အစိုးရအရာရှိများ အပြစ်ပေးအရေးယူခံရခြင်းမှကင်းလွတ်ခွင့် တွင်ကျယ်နေဆဲဖြစ်ပြီး ၎င်းကို ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ ၄၄၅ ဖြင့် အခိုင်အခန့်အကာအကွယ်ပေးထားသည်။ ယင်းပုဒ်မအရ တာဝန်ထမ်းဆောင်ရွက်ခဲ့သည့်အပေါ် ပြစ်မှုတစုံတခုကျူးလွန်ခဲ့သူ မည်သည့်အစိုးရအရာထမ်းကိုမဆို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားသည်။

MNHRC တည်ထောင်မှုသည် အပြုသဘောဆောင်သောခြေလှမ်းအဖြစ် ရှုမြင်ရသော်လည်း သတိထားပြီး အကောင်းမြင်ကာ ကြိုဆိုသင့်ပါသည်။ ကော်မရှင်၏ လွတ်လပ်မှု၊ ထိရောက်မှု၊ ပွင့်လင်းမြင်သာမှုနှင့် လက်လှမ်းမီနိုင်မှုတို့အပေါ် ကြီးကြီးမားမားသံသယများ ရှိနေကြပြီး ယခုဆန်းစစ်သုံးသပ်ချက်တွင် ဤအချက်များကို နောက်ပိုင်း၌ဖော်ပြသွားမည် ဖြစ်ပါသည်။

## ၂။ လွတ်လပ်မှု

### MNHRC သည် သမ္မတအသုံးပြုရန် ပစ္စည်းတခုလော။

MNHRC ကို ၂၀၁၁ ခု စက်တင်ဘာလ ၅ ရက်နေ့စွဲပါ ပြည်ထောင်စုအစိုးရ အမိန့်ကြော်ငြာစာ အမှတ် ၃၄/၂၀၁၁ ဖြင့် တည်ထောင်ခဲ့သည်။ အစိုးရ၏အမိန့်ကြော်ငြာစာတွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတို့၏ အခြေခံမူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် အားပေးမြှင့်တင်ရန်ရည်ရွယ်၍ [...] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းလိုက်သည်" ဟု ကြေညာပြီး MNHRC အဖွဲ့ဝင် ၁၅ ဦး၏အမည်များကို ဖော်ပြထားသည်။

MNHRC နှင့်ပတ်သက်၍ အများပြည်သူသိနိုင်သည့် တခုတည်းသော အခြားသတင်းအချက်အလက်မှာ ကော်မရှင်မှ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများသို့ ပြန်လည်ပေးပို့လာသည့်စာ ဖြစ်သည်။ ယင်းစာမှာ ကော်မရှင်၏အခွင့်အာဏာနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းမှုကို ပြန်ကြားခြင်းဖြစ်သည်။ "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပြန်ကြားခြင်း" ဟု ခေါင်းစဉ်တပ်ထားသောစာကို ယခုအစီရင်ခံစာ၏ နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပါသည်။ စာထဲတွင် MNHRC အဖွဲ့ဝင် ဆယ့်ငါးဦးစာရင်းကိုလည်းကောင်း၊ ကော်မရှင်၏တာဝန်ဝတ္တရားများဖြစ်သော တဦးချင်းတိုင်တန်းမှုများကိုလက်ခံခြင်း၊ ကုလသမဂ္ဂဌာနများနှင့်အတူအလုပ်လုပ်ခြင်း၊ လူ့အခွင့်အရေးကိစ္စရပ်များအကြောင်း အသိပညာပေးခြင်း စသည့်စာရင်းကိုလည်းကောင်း ဖော်ပြထားသည်။ MNHRC သည် သမ္မတရုံးသို့ အစီရင်ခံရကြောင်းဖော်ပြထားပြီး အဖွဲ့ဝင်များ၏ရာထူးသက်တမ်းကိုလည်း ဖော်ပြထားသည်။

MNHRC သည် ယင်း "တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ" စာရင်းပေါ်တွင်သာ လုံးဝအခြေခံရပ်တည်ဖို့ စီစဉ်နေသည်။ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမရကမူ မြန်မာတိုင်းမ်ဂျာနယ်နှင့်အင်တာဗျူးတခုတွင် ကော်မရှင်အဖွဲ့ဝင်များသည် စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲနေကြပြီဖြစ်ကြောင်း ပြောသွားသည်။

သို့ရာတွင် ၂၀၁၂ ခု မတ် ၁၆ ရက်၌ ၂၀၁၂-၁၃ အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အစိုးရမှ MNHRC အတွက် တောင်းခံသောရန်ပုံငွေ ဒေါ်လာ ၈၄၃၀၂၈ ခန့်ကိုချပေးဖို့ လွှတ်တော်ကငြင်းဆန်လိုက်သည်။ MNHRC တည်ထောင်ခြင်းသည် "နိုင်ငံတော်၏ဦးဆောင်အဖွဲ့များ" ကို လွှတ်တော်၏ အတည်ပြုချက်ဖြင့်တည်ထောင်ရမည်ဟု ပြဋ္ဌာန်းထားသည့် အခြေခံဥပဒေနှင့်မကိုက်ညီဟု လွှတ်တော်၏ယူဆချက်အပေါ်အခြေခံ၍ ယင်းသို့ဆုံးဖြတ်ခြင်းဖြစ်သည်။

၂၀၁၂ ခု မတ်လ ၂၇ ရက်တွင် MNHRC က ကြေညာချက်တရပ်ထုတ်ပြန်ပြီး လွှတ်တော်၏ဆုံးဖြတ်ချက်ကြောင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင် တည်ထောင်ရေးဥပဒေကိုရေးဆွဲနေကြောင်း၊ ဥပဒေကြမ်းကို သမ္မတထံတင်ပြပြီး သမ္မတကအတည်ပြုလျှင် လွှတ်တော်သို့တင်သွင်း အတည်ပြုချက်ရယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အရပ်ဖက်လူထုအသင်းအဖွဲ့များက ပွင့်လင်းမြင်သာပြီး အများပါဝင်ခွင့်ရှိသည့် ဥပဒေကြမ်းရေးဆွဲရေးလုပ်ငန်းဖြစ်ရေးကို တောင်းဆိုနေသော်လည်း MNHRC ကသော်လည်းကောင်း၊ သမ္မတကသော်လည်းကောင်း တည်ထောင်ရေးဥပဒေ မူကြမ်းကိုထုတ်ပြန်ခြင်း သို့မဟုတ် အရပ်ဖက်လူထုအသင်းအဖွဲ့များနှင့်ဆွေးနွေးတိုင်ပင်ခြင်း မလုပ်ခဲ့ကြပေ။ မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများကလည်း ၂၀၁၂ ခု မတ်လအတွင်း၌ တည်ထောင်ရေးဥပဒေနှင့်ပတ်သက်၍ ကော်မရှင်ထံသို့ အကြံပြုတိုက်တွန်းချက်များ တင်သွင်းခဲ့ရာ ပြန်ကြားချက်တစုံတရာမှမရှိခဲ့ပေ။ (နောက်ဆက်တွဲ ၂ ကိုကြည့်ပါ)

သို့ဖြစ်ရာ အသက်သွင်းအက်ဥပဒေ၏ အကြောင်းအရာ သို့မဟုတ် အစီအစဉ် နှင့်ပတ်သက်သည့် မည်သည့်သတင်း အချက်အလက်ကိုမှ အများပြည်သူသို့ ထုတ်ပြန်ခြင်း မရှိခဲ့ပေ။

အကျိုးဆက်ကား မိမိတို့သိရသလောက် ယခုစာတမ်းရေးသည့်အချိန်အထိ MNHRC ကို အကဲဖြတ်နိုင်ဖို့ အများသိနိုင် သည့် တခုတည်းသောစာတမ်းမှာ နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားသည့် ပေးစာသာဖြစ်လေသည်။ ယင်းပေးစာတွင် ဖော်ပြထားသည့် တာဝန်ဝတ္တရားများနှင့်လုပ်ပိုင်ခွင့်များစာရင်းမှာ MNHRC ၏ အခွင့်အာဏာဖြစ်သည်ဟု ယူဆရပေသည်။

## MNHRC နှင့် အစိုးရ၊ MNHRC နှင့် လွှတ်တော် ဆက်ဆံရေး

MNHRC ၏ လွတ်လပ်မှုကို ဆန်းစစ်အကဲဖြတ်နိုင်ရန် ၎င်းနှင့်အုပ်ချုပ်ရေးအဖွဲ့၏ဆက်ဆံရေးကို လေ့လာစစ်ဆေးဖို့ အဓိက ကျသည်။

နောက်ဆက်တွဲ ၁ ပါ ပေးစာတွင် MNHRC သည် "မိမိ၏ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး သမတထံ တိုက်ရိုက်အစီရင်ခံ ရမည်" ဟုဆိုထားသည်။ သို့သော် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ကမူ အမျိုးသားလူ့အခွင့်အရေးဌာန (NHRI) များသည် အုပ်ချုပ်ရေးနယ်ပယ်မဟုတ်သည့် အာဏာပိုင်တရပ်၊ အများအားဖြင့် ဥပဒေပြုအာဏာရှိသူထံသို့ တာဝန်ခံရမည်ဟု ဆိုထားသည်။

MNHRC သည် "နိုင်ငံတော်သမ္မတ တာဝန်ပေးသည့်လုပ်ငန်းများကို ထမ်းဆောင်" မည်ဟုလည်း ပေးစာ၌ပြောထားသည်။ ၂၀၁၁ ခု ဒီဇင်ဘာ ၂၇ ရက်တွင် MNHRC က အင်းစိန်ထောင်နှင့် လေ့လော့အင်းရဲဘက်စခန်းတို့သို့ သွားရောက်သည့်အခါ သမ္မတ၏ခွင့်ပြုချက်လိုအပ်ခဲ့ပြီး အကျဉ်းသားများနှင့်တွေ့ဆုံမေးမြန်းမှုကို ထောင်အာဏာပိုင်များရှေ့မှောက်တွင် ပြုလုပ်ခဲ့ရသည်။

ဤသည်မှာ NHRI များသည် အစိုးရဝန်ကြီးများ သို့မဟုတ် အခြားပြည်သူ့ဝန်ထမ်းများထံမှ ညွှန်ကြားချက်၊ ခွင့်ပြုချက် ရယူ ခြင်းမပြုရဟူသော OHCHR ၏အကြံပြုတိုက်တွန်းချက်နှင့် ဆန့်ကျင်နေသည်။

ထို့အပြင် MNHRC ၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ရေးဆွဲရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြောကြားရာတွင် ယင်းမှာ အာဏာပိုင်တို့၏ တရားဝင်အတည်ပြုချက်လိုအပ်ကြောင်း ဥက္ကဋ္ဌဦးဝင်းမရကရှင်းပြခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ်က ၎င်း၏နောက်ဆုံးအစီရင်ခံစာထဲတွင် "ဤအချက်ကကော်မရှင်သည် အစိုးရထံမှ အပြည့်အဝလွတ် လပ်မှုမရှိကြောင်း ဖော်ပြနေသည်။" ဟု မှတ်ချက်ချထားသည်။

အနာဂတ်တွင် ကော်မရှင်တည်ထောင်ရေးအက်ဥပဒေက လွှတ်တော်နှင့် ပိုမိုထိတွေ့ဆက်ဆံရေးအလားအလာကို ညွှန်ပြနေသော်လည်း ယခုအချိန်တွင်မူ MNHRC သည် မိမိတာဝန်များထမ်းဆောင်နိုင်ရန် သမ္မတ၏ထောက်ခံချက် လိုအပ်ပြီး သမ္မတတဦးတည်းကိုသာ အစီရင်ခံနေရသည်။ ဤအချက်အရ MNHRC ၏ သမ္မတအပေါ် အမှီအခိုဖြစ်နေခြင်းမှာ အလေးအနက်စိုးရိမ်စရာဖြစ်နေသည်။

## MNHRC အဖွဲ့ဝင်များ ရွေးချယ်မှုဖြစ်စဉ်

MNHRC အဖွဲ့ဝင်များခန့်အပ်မှုကို ယင်းကော်မရှင်တည်ထောင်သည့် အစိုးရအမိန့်ကြေညာချက်ထဲတွင်ပင် ဖော်ပြထားပြီး ခန့်အပ်သည့်နည်းလမ်းကို ရှင်းပြထားခြင်းမရှိပေ။ ကော်မရှင်၏ပေးစာထဲတွင်ပါရှိသည့် တခုတည်းသော နောက်ထပ် သတင်းအချက်အလက်မှာ ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်း (ငါးနှစ်သက်တမ်းကို နောက်တကြိမ်ထပ်တိုးနိုင်) နှင့် ကော်မရှင်၏တာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်များကို ထမ်းဆောင်ရင်း လုပ်ဆောင်ခဲ့သည့်လုပ်ရပ်များအတွက် ရာဇဝတ် ကြောင်းနှင့် တရားမကြောင်းကင်းလွတ်ခွင့်ပေးခြင်းအကြောင်း ဖြစ်သည်။

NHRI များကို အလွှာစုံကိုယ်စားပြုမှုအာမခံသည့် လုပ်ထုံးလုပ်နည်းများဖြင့်ထူထောင်ရေးကို အလေးပေးထားသည့် ပါရီမူများ ကိုဖောက်ဖျက်ကာ လက်ရှိ MNHRC အဖွဲ့ဝင်များကို သမ္မတတစ်ဦးတည်းသဘောဖြင့် ခန့်အပ်ထားသည်။

> "သမ္မတက ကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ရာတွင် တိုင်းရင်းသားလူနည်းစုအမျိုးမျိုးကို ကိုယ်စားပြုအောင် ခန့်ထားသော်လည်း အများစုကြီးမှာ အငြိမ်းစားအစိုးရဝန်ထမ်းများ ဖြစ်ကြသည်။ မိမိတို့ကိုမခန့်အပ်မီ ကြိုတင်၍ တိုင်ပင်ညှိနှိုင်းခြင်း သို့မဟုတ် အသိပေးခြင်းပင်မခံရဟု အချို့အဖွဲ့ဝင်များက အထူးစုံစမ်းရေးသမားကို ပြောပြသည်"

ဟု တောမတ်စ် ကင်တားနား၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အဖွဲ့ဝင် ၁၅ ဦးပါကော်မရှင်တွင် စစ်အစိုးရ၏ သံအမတ်ကြီးများနှင့်အတူ လူ့အခွင့်အရေး အကြောင်း ဗဟုသုတအနည်းငယ်ရှိသော အငြိမ်းစားအစိုးရဝန်ထမ်းများ ပါဝင်နေသည်။ NGO များ၊ အလုပ်သမား သမဂ္ဂများ၊ သို့မဟုတ် ပညာရှင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ မပါရှိပေ။ MNHRC ဖွဲ့စည်းပုံနှင့် ခန့်အပ်ပုံအပေါ် အခြေခံကြည့်လျှင် ကော်မရှင်သည် မြန်မာနိုင်ငံ၏ တုန်လှုပ်စရာကောင်းလှသော လူ့အခွင့်အရေးဖောက်ဖျက်မှုများကို ထုံးဖြူသုတ် ဖုံးကွယ်ပေးသည့် ကိရိယာတခုအဖြစ်သာ အကျိုးပြုလိမ့်မည်ဟု အလေးအနက်စိုးရိမ်ပူပန်စရာ ရှိနေသည်။

MNHRC ဥက္ကဋ္ဌ ဦးဝင်းမရ မှာ အငြိမ်းစားဝန်ထမ်းသံတမန်တစ်ဦးဖြစ်သည်။ ၎င်းသည် ၁၉၉၄ ခုမှ ၂၀၀၁ ခုနှစ်အထိ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ နယူးယောက်မြို့ရှိ ကုလသမဂ္ဂအတွက် စစ်အစိုးရ၏ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းရင်း ၎င်းသည် စစ်အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များမှ ၇ နှစ် တိုင်တိုင် မပျက်မကွက်ကာကွယ်ပေးခဲ့သည်။

ဥပမာအားဖြင့်၊ ၁၉၉၇ ခု နိုဝင်ဘာလ ကုလသမဂ္ဂအထွေထွေညီလာခံ ၅၂ ကြိမ်မြောက်အစည်းအဝေးသို့ မိန့်ခွန်းပြောရာ၌ ၎င်းက မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်နေမှုနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေမှုတို့ကို ပြောင်ပြောင် တင်းတင်း ငြင်းဆိုသွားခဲ့သည်။

"မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတန်းနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းတွင် ဖော်ကျူးထားသည့်မှုများကို ကိုင်စွဲသည့်အတွက် လူ့အခွင့်အရေးချိုးဖောက်မှုများကို ခွင့်ပြုခြင်းမရှိကြောင်း မြန်မာနိုင်ငံ၏မူဝါဒကို ထပ်လောင်းကြေညာလိုပါသည်။"

ထို့နောက် မြန်မာနိုင်ငံတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးထားခြင်းလည်းမရှိကြောင်း

"ဥပဒေအရ အပြစ်ပေးခံရနိုင်သည့်ပြစ်မှုများကို ကျူးလွန်သူမည်သူမျှ မြန်မာနိုင်ငံတွင် ပြစ်ဒဏ်ကင်းလွတ်ခွင့် မခံစားရပါ။ မြန်မာနိုင်ငံတွင် အစိုးရအမှုထမ်းများအတွက် ယင်းကဲ့သို့အခွင့်ထူးမျိုး ရှိနေသည်ဟု ဆိုခြင်းမှာ မဖွယ်မရာစကားဖြစ်ပြီး လုံးဝလက်ခံနိုင်ဖွယ်မရှိ။"

ဟု ၎င်းက ဆက်လက်ပြောဆိုခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်သည့် စစ်ဗိုလ်ချုပ်များနှင့် အစိုးရအရာရှိများ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေသည်မှာ လူတိုင်းသိနေပြီး မှတ်တမ်းမှတ်ရာသေချာရှိသည့် အချက်အလက်တခုဖြစ်သည်။ MNHRC တည်ထောင်ခြင်းဖြင့် ချိုးဖောက်သူများကို ၎င်းတို့၏မတရားမှုများအတွက် အမှန်တကယ်တာဝန်ယူစေမည့်ဌာနတခု ဖြစ်လာနိုင်သည်ဟူသော မျှော်လင့်ချက်များ ပေါ်လာစေခဲ့သည်။ သို့သော်လည်း နိုင်ငံတွင်း၌ ပြစ်ဒဏ်ကင်းလွတ်ခွင့် အမှန်တကယ်တည်ရှိနေမှုကို ယခင်ကလူသိရှင်ကြားငြင်းဆိုခဲ့သောကြောင့် ကော်မရှင်အနေဖြင့် မိမိ၏အခွင့်အာဏာများနှင့် တာဝန်ဝတ္တရားများကို လွတ်လပ်အမှီခိုကင်းစွာ ထမ်းဆောင်နိုင်စွမ်းရှိမရှိအပေါ် သံသယများ ကြီးကြီးမားမားပေါ်လာစေသည်။

ဦးဝင်းမြရက အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၌လည်း အဓမ္မစေခိုင်းခြင်းဖြစ်ပေါ်ခဲ့ကြောင်းကိုငြင်းဆိုခဲ့ပြီး မြန်မာနိုင်ငံတွင် ဘာသာရေးနှိပ်ကွပ်မှုမရှိကြောင်း၊ ရိုဟင်ဂျာဟုခေါ်သည့်လူမျိုးစုမရှိကြောင်း ပြောဆိုခဲ့သည်။

MNHRC ဒုဥက္ကဋ္ဌဖြစ်သူ ဦးကျော်တင့်ဆွေမှာလည်း ဝန်ထမ်းသံတမန်ဟောင်းတဦးဖြစ်ပြီး ၂၀၀၁ ခုမှ ၂၀၁၀ ခုနှစ်အထိ နယူးယောက်မြို့တွင် ကုလသမဂ္ဂဆိုင်ရာ စစ်အစိုးရ၏သံအမတ်ကြီးအဖြစ် ဦးဝင်းမြရ၏တာဝန်ကို ဆက်ခံခဲ့သည်။ ဤရာထူး၌ထမ်းဆောင်နေစဉ် မြန်မာနိုင်ငံသည် "စနစ်တကျသတင်းအချက်အလက်များထုတ်ပြန်မှုစစ်ဆင်ရေး"၏ သားကောင်ဖြစ်ခဲ့ရသည်ဟု အကြိမ်အချို့ပြောဆိုခဲ့သည်။ ၂၀၀၃ ခု နိုဝင်ဘာလက ကုလသမဂ္ဂအထွေထွေညီလာခံသို့ ၎င်းကမိန့်ခွန်းထဲတွင် ရှမ်းပြည်နယ်နှင့် အခြားပြည်နယ်များ၌ မြန်မာ့တပ်မတော်က အရပ်သားများအပေါ်ကျူးလွန်ခဲ့သည့် မုဒိန်းကျင့်မှုနှင့် အခြားမတရားမှုစွပ်စွဲချက်များကို ငြင်းပယ်ခဲ့သည်။ "ဤစွပ်စွဲချက်များကို ရန်ပုံငွေအထောက်အပံ့ ကောင်းကောင်းရနေသည့် NGO နှစ်ခုက ယုတ်ညံ့စွာဖြင့် လိမ်လည်တီထွင်ခြင်းဖြစ်ကြောင်း ကျနော်ထပ်လောင်းပြောဆိုအပ်ပါသည်။"

ပါရီမူ ပုဒ်မ ၃ အရ လူ့အခွင့်အရေးဌာနတခု၏ လုပ်ငန်းပိုင်းဆိုင်ရာအခွင့်အာဏာအတွင်းရှိရမည့် တာဝန်ဝတ္တရားနယ်ပယ်ထဲတွင် "ကုလသမဂ္ဂအာဏာပိုင်အဖွဲ့အစည်းများနှင့် ကော်မတီများသို့ နိုင်ငံတော်ကတင်သွင်းရမည့် အစီရင်ခံစာများအတွက် အချက်အလက်များဖြည့်ဆည်းရန်" ဟုပါရှိသည်။ MNHRC ၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့မှာ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်ခဲ့ခြင်းကို ယခင်ကတောက်လျှောက်ငြင်းဆိုခဲ့ပြီး စစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကုလသမဂ္ဂတွင် အစဉ်ကာကွယ်ပေးခဲ့သဖြင့် MNHRC အသစ်အနေဖြင့် နိုင်ငံတွင်းမှာ လူ့အခွင့်အရေးအခြေအနေကို တိကျမှန်ကန်ပြီး လွတ်လပ်သည့်အစီရင်ခံမှုများ ပေးနိုင်စွမ်းရှိမရှိမှာ အမှန်ပင်သံသယဖြစ်ဖွယ်ကောင်းလှသည်။

MNHRC ၏ အခြားအဖွဲ့ဝင်များမှာ မြန်မာစစ်တပ် ဗိုလ်မှူးချုပ်ဟောင်းဖြစ်သူ ဦးလှမြင့် နှင့် ဗိုလ်ချုပ်ဟောင်းလည်းဖြစ်၊ နဝတ၏ ဒုနိုင်ငံခြားရေးဝန်ကြီးလည်း ဖြစ်ခဲ့သူ ဦးညွန့်ဆွေ တို့ဖြစ်သည်။ ဦးညွန့်ဆွေသည် ၂၀၀၆ မှ ၂၀၀၇ အထိ စစ်အစိုးရ၏ ဂျီနီဗာ အခြေစိုက် ကုလသမဂ္ဂ လက်ထောက်သံအမတ်ကြီးဖြစ်ခဲ့သည်။ ၎င်းက ၂၀၀၇ ခုနှစ်တွင် "အတင်းအဓမ္မ

စစ်သားစုဆောင်း ခြင်းမရှိ၊ စစ်သားအားလုံး မိမိသဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ကြသည်" ဟုလည်းကောင်း၊ "မြန်မာနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခထဲကျရောက်နေသည့် နိုင်ငံမဟုတ်" ဟုလည်းကောင်း ဂျီနီဗာတွင် ပြောခဲ့သည်။

မြန်မာစစ်တပ်ထဲမှ ရာထူးကြီးအရာရှိဟောင်းနှစ်ဦးကို MNHRC ၌ခန့်အပ်ခြင်း၊ ၎င်းတို့နှစ်ဦးစလုံးမှာ ပြောင်ကျပြီး ဆိုးဝါးလှသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုကာကွယ်ရန် ရှင်းရှင်းလင်းလင်းပြောကြားခဲ့ခြင်းကြောင့် ၎င်းတို့နှင့်ခေတ်ပြိုင်များကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် ဆန္ဒမည်မျှရှိသည်ကို အလေးအနက် သံသယဖြစ်စရာရှိနေသည်။ ယင်းသို့သောခန့်အပ်မှုများကြောင့် ကော်မရှင်သည် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို ထုံးသုတ်ဖုံးအုပ်ပေးဖို့ အစိုးရ၏စစ်ဆင်ရေး တစိတ်တပိုင်းမျှသာဖြစ်သည်ဟူသော အမြင်ကို ပိုမိုခိုင်မာလာစေပြီး MNHRC ၏ မိမိ၏တာဝန်များကို ကိုယ်ပိုင်လွတ်လပ်မှုရှိပြီး၊ အမှီခိုကင်းစွာထမ်းဆောင်နိုင်စွမ်းအပေါ် ကျိုးကြောင်းခိုင်လုံသော သံသယဖြစ်ပေါ်စေသည်။

### MNHRC အား အရင်းအမြစ်ပံ့ပိုးခြင်း

ဘဏ္ဍာရေးလွတ်လပ်မှုနှင့်ပတ်သက်၍ NHRI သည် အခြားအစိုးရအဖွဲ့အစည်းများမှ အမှီခိုကင်းရန်အတွက် မိမိကိုယ်ပိုင်နေရာအဆောက်အအုံနှင့် ကိုယ်ပိုင်ဝန်ထမ်းများထားနိုင်မည့်ရန်ပုံငွေ အလုံအလောက်ရှိရမည်ဟု ပါရီမူများတွင် သတ်မှတ်ထားသည်။

ထို့အပြင် NHRI များ၏ နိုင်ငံတကာဆက်စပ်ညှိနှိုင်းရေးကော်မတီ (ICC) က 'အထွေထွေလေ့လာချက်' ထဲတွင် "NHRI တခုကို အများပြည်သူဆိုင်ရာအဖွဲ့အစည်းတခုအဖြစ် အမျိုးအစားသတ်မှတ်ခြင်းဖြင့် ၎င်း၏တာဝန်ခံနိုင်မှု၊ ရန်ပုံငွေထောက်ပံ့မှု နှင့် အစီရင်ခံရေးအပြင်အဆင်များ စည်းမျဉ်းတကျစီမံခန့်ခွဲရာ၌ အရေးကြီးသည့်အကျိုးသက်ရောက်မှုများရှိစေသည်။ NHRI တစ်ခု၏ အများဆိုင်ရာရန်ပုံငွေများ အုပ်ချုပ်စီမံရေးနှင့်သုံးစွဲရေးကို အစိုးရကထိန်းချုပ်ခန့်ခွဲသည့် ဖြစ်ရပ်မျိုးတွင် ယင်းထိန်းချုပ်ခန့်ခွဲမှုသည် NHRI ၏ လွတ်လပ်ထိရောက်စွာဆောင်ရွက်နိုင်စွမ်းကို မလျော့ပါးမထိခိုက်စေရ။ သို့ဖြစ်၍ အစိုးရနှင့် NHRI ဆက်စပ်မှုကို ရှင်းရှင်းလင်းလင်းသတ်မှတ်ရန် အရေးကြီးသည်" ဟု မှတ်ချက်ချထားသည်။

သို့သော်ငြားလည်း MNHRC အား ရန်ပုံငွေထောက်ပံ့မှုနှင့်ပတ်သက်၍ ယခုအချိန်ထိ မည်သည့်သတင်းအချက်အလက်မှ မသိရပေ။ ထို့အပြင် MNHRC ကိုယ်၌က မိမိ၏အရင်းမြစ်များ မည်သို့ခန့်ခွဲအသုံးပြုရေး ဆုံးဖြတ်နိုင်စွမ်းရှိမရှိကိုလည်းကောင်း၊ မည်သည့်ပွင့်လင်းမြင်သာရေးစနစ်များ တာဝန်ခံရေးစနစ်များ ထူထောင်မည်ကိုလည်းကောင်း မသိရပေ။

MNHRC သည် တည်ထောင်ရေးဥပဒေသစ်တခုကို လွှတ်တော်သို့ မကြာမီတင်ပြမည်ဖြစ်သည်။ ယင်းအက်ဥပဒေ၏ အကြောင်းရပ်ကိုမသိရသေးသော်လည်း ယင်းအက်ဥပဒေသည် ကော်မရှင်၏လွတ်လပ်မှုကို ပိုမိုတိုးချဲ့နိုင်မည့် အခွင့်အလမ်းတခုဖြစ်သည်။ သို့ရာတွင် အထက်ပါသုံးသပ်ဆန်းစစ်ချက်အရ ကော်မရှင်သည် လွတ်လပ်သည့်အဖွဲ့တစ်ခုမဟုတ်ဘဲ သမ္မတက မိမိအသုံးပြုရန်ဖန်တီးထားသည့် ကိရိယာတစ်ခုသာဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

## ၃။ ထိရောက်မှု

### MNHRC ဟူသည် အနှစ်မဲ့လုပ်ကွက်တစ်ခုလော

MNHRC ၏ ထိရောက်မှုကို ဆန်းစစ်နိုင်ရန် ပြီးခဲ့သည့်နှစ်အတွင်းက ကော်မရှင်၏ဆောင်ရွက်ခဲ့သောလှုပ်ရှားမှုများကို လုပ်နိုင်သလောက် လေ့လာခဲ့သည်။

### အခြေခံမူလအခွင့်အရေးများ ကာကွယ်အားပေးမည့် MNHRC အခွင့်အာဏာ

MNHRC ၏ အခွင့်အာဏာမှာ "ပြည်ထောင်စုသမတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖော်ပြထားသည့် နိုင်ငံသားတို့၏ အခြေခံမူလအခွင့်အရေးများ" ကို ကာကွယ်စောင့်ရှောက်ရန်နှင့် အားပေးမြှင့်တင်ရန်ဖြစ်သည်။ ၂၀၀၈ အခြေခံဥပဒေသည် မြန်မာပြည်သူတို့၏ အခြေခံမူလအခွင့်အရေးများကိုချိုးဖောက်နေပြီး စစ်အစိုးရက အာဏာထိန်းသိမ်းထားရန်နှင့် လူထုကိုဖိနှိပ်ရန်သုံးစွဲသည့် ကိရိယာတခုဖြစ်သည်။ ထို့ကြောင့် MNHRC ၏ ပင်မအခွင့်အာဏာမှာ နဂိုကပင်ပြဿနာရှိနေပေသည်။

သို့ရာတွင် နောက်ဆက်တွဲ ၁ ပါ ပေးစာအရလည်းကောင်း၊ ၂၀၁၁ ခု အောက်တိုဘာ ၆ ရက်နေ့စွဲပါ MNHRC ကြေညာချက်အရလည်းကောင်း ကော်မရှင်အနေဖြင့် တိုင်ကြားစာများကို လက်ခံနိုင်သည်။ ဤသည်မှာ ပြည်သူ့အခွင့်အရေးများကို ကာကွယ်နိုင်ဖို့ ပင်မလုပ်ငန်းတာဝန်ဖြစ်သဖြင့် အလွန်ကြိုဆိုအပ်သော်လည်း အမှန်တကယ်ကိုယ်စားပြုသည့် အာဏာကို ဆန်းစစ်နိုင်ရန် နောက်ထပ်သတင်းအချက်အလက်များ လိုသေးသည်။ တိုင်ကြားမှုစနစ်၏ အမှန်တကယ်ထိရောက်မှုနှင့် ပတ်သက်၍ အလေးအနက်စိုးရိမ်မှုများ ပေါ်ထွက်လာပြီဖြစ်သည်။ တိုင်ကြားသူသည် မိမိ၏အမျိုးသားမှတ်ပုံတင်ကဒ်မိတ္တူကို ပေးပို့ရန်လိုသည်ဟု MNHRC က သတ်မှတ်ထားသည်။ ဤပြဋ္ဌာန်းချက်ကြောင့် အရေးပါသည့် လူ့အခွင့်အရေးချိုးဖောက်ခံရသူ အရေအတွက်ကြီးတခုကို ဖယ်ရှားလိုက်ရာရောက်သွားသည်၊ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးလူနည်းစုများမှ လူများဖြစ်သည်။ ထို့အပြင် မိမိတို့ဒေသတွင် တာဝန်ကျသည့် အစိုးရအမှုထမ်းများ သို့မဟုတ် မြန်မာ့တပ်မတော်စစ်သားများအကြောင်း တိုင်ကြားသည့် ကျူးလွန်ခံရသူအများစုအပေါ် အန္တရာယ်ကျရောက်စေနိုင်သည်။

ထို့ကြောင့် MNHRC အနေဖြင့် ကျူးလွန်ခံရသူတို့ကိုယ်စား အရပ်ဖက်လူထုအသင်းအဖွဲ့များက တိုင်ကြားနိုင်သည့်စနစ်ကို လက်ခံသင့်သည်။ ဤသို့ဖြင့် ကော်မရှင်သည် အဖွဲ့ပေါင်းစုံမှတိုင်ကြားမှုများ လက်ခံနိုင်မည်ဖြစ်ပြီး ကျူးလွန်ခံရသူအတွက် အန္တရာယ်ကျနိုင်မှု လျော့ပါးစေနိုင်မည်ဖြစ်သည်။ MNHRC သည် ကျူးလွန်ခံရသူများနှင့်သက်သေများ လက်တုံ့ပြန်ခံရမည့်အန္တရာယ်မှ အကာအကွယ်ပေးသည့်စနစ်ကိုလည်း ထားရှိပေးသင့်သည်။ သို့မဟုတ်ပါက လူ့အခွင့်အရေးချိုးဖောက်ခံရသူများထံမှ တိုင်ကြားမှုများ လက်ခံနိုင်စွမ်း ဆိုးဆိုးဝါးဝါးကျဉ်းမြောင်းသွားလိမ့်မည်။

တိုင်ကြားမှုများ လက်ခံနိုင်မည့် MNHRC ၏အခွင့်အာဏာအပေါ် ဆိုးဆိုးဝါးဝါးကန့်သတ်ထားချက်နောက်တခုမှာ ၂၀၁၂ ခု ဖေဖော်ဝါရီ ၁၄ ရက်က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနတွင် သတင်းစာရှင်းလင်းပွဲတခု၌ ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းမရ၏ ပြောကြားချက်ဖြစ်သည်။ ယင်းပြောကြားချက်ထဲတွင် MNHRC သည် တိုင်းရင်းသားပဋိပက္ခနယ်မြေမှ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းလေ့လာမည်မဟုတ်ဟု ၎င်းကရှင်းလင်းခဲ့သည်။ ဤအချက်က MNHRC ၏အခွင့်အာဏာကို လည်းကောင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ၏ တာဝန်ရှိသူရှာဖွေဖော်ထုတ်ရေး အလားအလာကိုလည်းကောင်း ဆိုးဆိုးဝါးဝါးကန့်သတ်နေသည်။ အဘယ့်ကြောင့်ဆိုသော် အဆိုးသွမ်းဆုံးလူ့အခွင့်အရေးချိုးဖောက်မှုများမှာ ဝေးလံခေါင်ဖျားသောတိုင်းရင်းသားတို့၏ ပဋိပက္ခ နယ်မြေများတွင် ဖြစ်ပေါ်ကြသောကြောင့်ဖြစ်သည်။

နောက်ထပ်စိုးရိမ်စရာတခုမှာ MNHRC က ၎င်း၏တွေ့ရှိချက်များနှင့်ပတ်သက်၍ ဘာလုပ်နိုင်မည်ဆိုသည့်သတင်းအချက်အလက် လုံးဝမရှိခြင်းဖြစ်သည်။ ဥပမာဆိုရသော် ကျူးလွန်ခံရသူများအတွက် လျော်ကြေးရဖို့ MNHRC က အကြံပြုတိုက်တွန်းနိုင်သည့်အာဏာရှိမရှိ၊ အမှုများကိုသက်ဆိုင်ရာတရားရုံး သို့မဟုတ် အာဏာပိုင်ထံ လွှဲပေးနိုင်မှုရှိမရှိ၊ မိမိ၏ အကြံပြုတိုက်တွန်းချက်များ အကောင်အထည်ဖော်မှုကို စောင့်ကြည့်နိုင်ခြင်းရှိမရှိ မသိရပေ။

နောက်ဆုံးအားဖြင့်ပြောရလျှင် နောက်ဆက်တွဲ ၁ ပါပေးစာက "မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မိမိ၏ လုပ်ငန်းများဆောင်ရွက်ရာ၌ သက်ဆိုင်ရာပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းနိုင်သည်။ နိုင်ငံတော်၏လိုအပ်ချက်များအရ အထူးတလည်ပိတ်ပင်ထားသည့် စာရွက်စာတမ်းများမှအပ သက်ဆိုင်သည့်စာရွက်စာတမ်းများကို ကြည့်ရှုရန်တောင်းဆိုနိုင်သည်" ဟုဆိုထားသည်။ စိုးရိမ်ရသည်မှာ မြန်မာအာဏာပိုင်များသည် နိုင်ငံတော်လိုအပ်ချက်များနှင့် လုံခြုံရေးအယူအဆကို အဓိပ္ပာယ်ဖွင့်ရာ၌ အလွန်အမင်းကျယ်ပြန့်စွာ ဖွင့်ထားသောကြောင့်ဖြစ်သည်။ ဤသဘောတရားများကိုအသုံးချပြီး မြန်မာပြည်သူတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်နှင့် သင်းပင်ဖွဲ့စည်းခွင့်တို့ကို ဆယ်စုနှစ်ပေါင်းများစွာ

ကန့်သတ်ချုပ်ချယ်ခဲ့ကြသည်။ ထို့ကြောင့် ဤအချက်သည် တိုင်ကြားမှုများ စုံစမ်းစစ်ဆေးဖို့ MNHRC ၏စွမ်းရည်အပေါ် နောက်ထပ် ဆိုးဆိုးဝါးဝါးကန့်သတ်မှုတခု ဖြစ်သွားနိုင်သည်။

နောက်ဆုံးအားဖြင့် ပြောရလျှင် ၂၀၁၂ ခု မတ်လက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံ၏ပြောကြားချက်၌ MNHRC သည် တိုင်ကြားမှုပေါင်း ၁၂၅၀ လက်ခံရခဲ့ပြီး အမှု ၂၈၃ ခုအပေါ် တွေ့ရှိချက်များကို သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများသို့ပေးပို့ခဲ့ကြောင်း ထည့်သွင်းပြောခဲ့သည်။ ၎င်းအစီရင်ခံစာများကို တာဝန်ယူနိုင်စွမ်းရှိသည့်အဖွဲ့ သို့မဟုတ် အများပြည်သူတရပ်လုံးသို့ ပြန်လည်ပေးပို့ခြင်းမရှိသဖြင့် အထက်ပါအချက်အလက်များကို အတည်ပြုနိုင်စရာနည်းလမ်း မရှိပေ။ လက်ခံရရှိသည့်တိုင်ကြားမှုများ၊ စုံစမ်းစစ်ဆေးခဲ့သည့်တိုင်ကြားမှုများနှင့် အစိုးရအားပေးခဲ့သည့် အကြံဉာဏ်တို့အကြောင်း မည်သည့်သတင်းအချက်အလက်မှ မသိရှိရပေ။ ထို့အပြင် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ၏ လုပ်ဖော်ကိုင်ဖက်အချို့က ကော်မရှင်သို့ တိုင်ကြားမှုအများအပြားတင်ထားသော်လည်း ပြန်ကြားမှုမှာမူ အလွန့်အလွန်နည်းပါးလှသည်။

တိုင်ကြားရေးစနစ်များအပေါ် ဆိုးဝါးသည့်ကန့်သတ်မှုများ ရှိနှင့်ပြီးဖြစ်ပုံရသည်။ သို့ရာတွင် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို လွတ်လပ်ထိရောက်စွာစုံစမ်းစစ်ဆေးနိုင်ဖို့ ကော်မရှင်အား လိုအပ်သည့်အာဏာပေးရန်အတွက် တည်ထောင်ရေးအက်ဥပဒေတွင် MNHRC ၏အခွင့်အာဏာကို ပိုမိုတိကျစွာအသေးစိတ်ဖော်ပြပြီး ဤကန့်သတ်ချက်များကို ဖျက်သိမ်းနိုင်သည်။

## MNHRC သည် အစိုးရကို ကာကွယ်ပြောဆိုပေးနေသူလား

MNHRC ၏ ထိရောက်မှုကို ဆန်းစစ်သုံးသပ်နိုင်ရန် ၎င်းလုပ်ဆောင်နေသော လှုပ်ရှားမှုများကို လေ့လာကြည့်ရှုဖို့ အဓိကကျသည်။ မြန်မာနိုင်ငံ၏ဖြစ်စဉ်ကိုကြည့်လျှင် MNHRC သည် အစိုးရအတွက်အလွန်ထိရောက်သော ထောက်ခံလျှောက်လဲသူ ဘက်တော်သားဖြစ်နေသလားဟု မေးခွန်းထုတ်စရာဖြစ်နေသည်။

## MNHRC ၏လှုပ်ရှားမှုများ

MNHRC သည် ၎င်းထူထောင်ခဲ့ချိန်မှစ၍ ကြေညာချက် ၈ ခု၊ အိတ်ဖွင့်ပေးစာ ၂ စောင် ထုတ်ခဲ့ပြီး အင်တာဗျူးအတော်များများပေးခဲ့ကာ အာရှနိုင်ငံတို့ရှိ NHRI များထံသို့ နိုင်ငံရပ်ခြားခရီးထွက်လည်ပတ်ခဲ့သည်။

၂၀၁၁ ခု အောက်တိုဘာ ၁၀ ရက်၊ နိုဝင်ဘာ ၁၂ ရက် နှင့် ဒီဇင်ဘာ ၃၀ ရက်တို့တွင်ထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက်သုံးခုတွင် MNHRC က အစိုးရကို "နိုင်ငံတကာအသိုင်းအဝိုင်းက ယုံကြည်ချက်အကျဉ်းသားဟု ပြောနေသူများ" ကို လွှတ်ပေးရန်ဆော်သြခဲ့သည်။ သို့သော်လည်း MNHRC သည် လွတ်လပ်သည့်စုံစမ်းစစ်ဆေးမှုမလုပ်ဘဲ အစိုးရပြောသည့် နိုင်ငံရေးအကျဉ်းသားကိန်းဂဏန်းကို ဆက်သုံးနေခဲ့ပြီး အစိုးရ၏စကားကို မိမိစကားကဲ့သို့ ယူသုံးနေခဲ့သည်။ ထိုမျှမက ၂၀၁၁ ခု ဒီဇင်ဘာ ၃၀ ရက် ထုတ်ပြန်သည့် ကြေညာချက်ထဲတွင် MNHRC က အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏စွပ်စွဲချက်ဖြစ်သော အင်းစိန်ထောင်တွင် အစာတော်ခံဆန္ဒပြသည့်အကျဉ်းသားများကို မတော်မတရားဆက်ဆံသည် ဆိုသည့်စွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။ အကျဉ်းထောင်တွင်း ကျန်းမာရေး၊ စားသောက်ရေး၊ သန့်ရှင်းရေး၊ အကျဉ်းသားများကိုနှိပ်စက်ညှဉ်းဆဲမှုနှင့် အခြားမတရားပြုမှုပြဿနာများကို မှတ်တမ်းတင်ထားချက်များ အမြောက်အမြားရှိနေသော်လည်း ကော်မရှင်က တခွန်းတပါဒမျှ ပြောဆိုခြင်းမရှိပေ။ ကော်မရှင်က အစိုးရကို လက်တွေ့လုပ်ရပ်များလုပ်ဆောင်ဖို့ လုံးဝတောင်းဆိုခြင်းမရှိဘဲ အကျဉ်းသားများကို ဝိပဿနာသင်တန်းများ ဖွင့်လှစ်ပေးဖို့သာ အကြံပြုတိုက်တွန်းခဲ့သည်။

၂၀၁၁ ခု နိုဝင်ဘာလ ၂၇ ရက်တွင် MNHRC က မြန်မာနိုင်ငံကို အာဆီယံအသင်းက ၂၀၁၄ ခု၌ ဥက္ကဋ္ဌရာထူးပေးဖို့ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ကြေညာချက်ထုတ်ခဲ့သည်။ ၂၀၁၂ ခု ဇန်နဝါရီလ ၁၄ ရက်တွင်လည်း ကော်မရှင်က အကျဉ်းသားများလွှတ်ပေးသည့်အတွက် သမ္မတ၏ "သဘောထားကြီးမြင့်မှု" ကို ကြိုဆိုသည့်ကြေညာချက် ထုတ်ပြန်ခဲ့ကာ ၂၀၁၂ ခု ဇူလိုင်လ ၂ ရက်နေ့တွင်လည်း မြန်မာအစိုးရနှင့် ကုလသမဂ္ဂအကြား အသက်မပြည့်သေးသည့်ကလေးများကို

စစ်သားအဖြစ်စုဆောင်းမှုကာကွယ်တားဆီးရေးလုပ်ငန်းစီမံချက် လက်မှတ်ထိုးခြင်းကို ကြိုဆိုသည့်ကြေညာချက် ထုတ်ပြန်ခဲ့သည်။ လူ့အခွင့်အရေးအခြေအနေကို စေ့စေ့စပ်စပ်စုံစမ်းစစ်ဆေးခြင်း၊ စောင့်ကြည့်ခြင်းလုပ်မည့်အစား MNHRC ကြေညာချက်များက အစိုးရ၏မိန့်ဆိုချက်များကို လူသိရှင်ကြားကြိုဆိုထောက်ခံနေသည်မှာ ယင်းကော်မရှင်သည် အစိုးရ၏ လူ့အခွင့်အရေးမှတ်တမ်းကို အလှချယ်ပေးရန်တည်ထောင်ထားသည့် အဖွဲ့မျှသာဖြစ်သည်ဟူသောအမြင်များကို ခိုင်မာနေစေသည်။

၂၀၁၁ ခု ဒီဇင်ဘာ ၁၀ ရက် နိုင်ငံတကာလူ့အခွင့်အရေးနေ့ကြေညာချက်တွင် MNHRC က အရပ်ဖက်အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူချက်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူချက်တို့၏ အရေးပါမှုကိုညွှန်းဆိုသွားခဲ့သော်လည်း ဤအရင်းခံနိုင်ငံတကာစာချုပ်နှစ်ခုကို အတည်ပြုပေးရန် စစ်အစိုးရကိုမတောင်းဆိုခဲ့ပေ။

ယင်းကြေညာချက်ထဲတွင်ပင် MNHRC က "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူများ ၂၀၀၈ ခု မေ ၂၉ ရက်တွင် တခဲနက်အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ယင်းအခြေခံလူ့အခွင့်အရေးများကို ဖော်ကျူးထားပါသည်" ဟု ဆိုခဲ့သေးသည်။ ဤကြေညာချက်သည် ဘက်, နှစ်ဘက်မှနေ၍ ပြဿနာဖြစ်နေစေသည်။ ပထမတစ်ချက်မှာ ၂၀၀၈ အခြေခံဥပဒေသည် အလွန့်အလွန်မသမာသည့်ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သော ဒီမိုကရေစီမကျသည့်၊ စစ်တပ်ပြုစုသည့် စာတမ်းတခုဖြစ်နေသည်။ ထိုဆန္ဒခံယူပွဲမှာလည်း အနည်းဆုံး လူ ၁၃၈၀၀၀ သေပြီး လူ ၂.၄ သန်း အသက်ရှင်ရပ်တည်ရေး ဒုက္ခရောက်ခဲ့ရသည့် နာဂစ်မုန်တိုင်း မြန်မာနိုင်ငံကိုတိုက်ခတ်အပြီး ရက်ပိုင်းအတွင်းလုပ်ခဲ့သော ဆန္ဒခံယူပွဲဖြစ်သည်။ ဒုတိယအချက်မှာမူ အထက်တွင်ဆိုခဲ့သည့်အတိုင်း ၂၀၀၈ အခြေခံဥပဒေသည် သင်းပင်းဖွဲ့စည်းခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်ကဲ့သို့ အခြေခံလွတ်လပ်ခွင့်များကို အလွန်ကျယ်ပြန့်စွာချုပ်ချယ်ထားသည်ဖြစ်၍ ပြည်သူတို့၏ အခြေခံမူလ အခွင့်အရေးများကို အာမချက်မပေးထားပေ။

၂၀၁၁ ခု ဒီဇင်ဘာ ၁၃ ရက်တွင် ကော်မရှင်အဖွဲ့ဝင်လေးဦး ကချင်ပြည်နယ်ကို သွားရောက်ခဲ့ပြီးနောက် ကော်မရှင်က ကြေညာချက်တစောင် ထုတ်ခဲ့သည်။ ယင်းကြေညာချက်တွင် "ကချင်ပြည်နယ်အစိုးရ၏ ဆက်စပ်ညှိနှိုင်းပေးမှုအောက်တွင် လူသားချင်းစာနာရေးအကူအညီများ [...] ကို စခန်းများရှိလူထုများသို့ စနစ်တကျဖြန့်ဖြူးပေးခဲ့ပြီး လူထုများ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆီးပေးခဲ့သည်" ဟု ဆိုထားသည်။ ဤစကားမှာ ကချင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီလိုအပ်နေကြောင်း သတင်းပို့ချက်အများအပြားနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ကွဲလွဲနေသည်။ ပြည်တွင်း အိုးအိမ်စွန့်ခွာထွက်ပြေးသူ (IDP) များမှာ ယခင်လပေါင်းများစွာကတည်းက ယခုစာရေးနေချိန်အထိ ရိက္ခာ၊ အဝတ်အထည်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို အရေးတကြီးလိုအပ်လျက်ရှိနေပြီး အစိုးရက ကုလသမဂ္ဂ ကယ်ဆယ်ရေးအဖွဲ့များကို သွားရောက်ခွင့်ပိတ်ပင်နေဆဲဖြစ်သည်။

MNHRC က ကချင်ပြည်နယ်သို့ ၂၀၁၂ ခု ဇူလိုင်လတွင်ပြန်လာပြီး ဩဂုတ် ၁၄ ရက်တွင် ကြေညာချက်တရပ်ထုတ်ပြန်ခဲ့ရာ ကချင်ပြည်လွတ်လပ်ရေးတပ်မတော်က ကလေးစစ်သားများ စုဆောင်းနေကြောင်း ထပ်ပြောခဲ့သည်။ မြန်မာ့တပ်မတော် သည် ကလေးစစ်သားများဆက်လက်စုဆောင်းနေပြီး စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည်မှာ အများသိဖြစ်သော်လည်း ကြေညာချက်ထဲ၌ မြန်မာစစ်တပ်မှကျူးလွန်သည့်ပြစ်မှု တစုံတခုကိုမျှပြောမထားပေ။ ဤကြေညာချက်ဖြင့် ကော်မရှင်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုသာ အကြမ်းဖက်မှုလက်သည်အဖြစ် ပုံပေါ်စေခဲ့ပြီး မြန်မာစစ်တပ်ကျူးလွန်သည့် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို နှုတ်ဆိတ်နေခြင်းဖြင့် စစ်အစိုးရကို ဘဝင်အေးစေသည်။

အလားတူပင် ၂၀၁၂ ခု ဇူလိုင်လက ရခိုင်ပြည်နယ်သို့ ခရီးထွက်ပြီးနောက် ထုတ်ခဲ့သည့်ကြေညာချက်ထဲတွင်လည်း "ဒုက္ခသည်များ၏ အစားအစာ၊ အဝတ်အထည်၊ နားခိုရာ နှင့် ကျန်းမာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များ [...] ဖြည့်ဆီး လျှက်ရှိသည်" ဟု MNHRC ကဆိုနေသော်လည်း ဖြစ်ပေါ်နေသည့် လူသားချင်းစာနာရေးအကြပ်အတည်းအကြောင်း သတင်းပို့ချက်အမြောက်အမြားက နိုင်ငံတကာအသိုင်းအဝိုင်းကို ထိတ်လန့်စေခဲ့သည်။ ဤတကြိမ်၌လည်း MNHRC ၏ ကြေညာချက်က ရိုဟင်ဂျာတို့အပေါ်ခွဲခြားဆက်ဆံမှု၊ စစ်တပ်နှင့်ရဲတို့ အင်အားအလွန်အကျွံသုံးမှု၊ လူသားချင်းစာနာရေး

အကူအညီကွက်ကျားပေးမှုစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ထောက်ပြခြင်းမရှိဘဲ အစိုးရ၏လုပ်ရပ်များကို တရားဝင်အောင်လုပ်ပေးနေပုံရသည်။

ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းမြရကလည်း ရခိုင်ပြည်နယ်မှ မတရားပြုမှုစွပ်စွဲချက်များ စုံစမ်းလေ့လာရေးကို ထောက်ခံအားပေးဖို့ ၂၀၁၂ ခု ဩဂုတ် ၈ ရက်တွင် ငြင်းဆန်ခဲ့သည်။ ၎င်းကပြောသည်မှာ--

> "အမှန်တရားကော်မရှင်ဆိုတာ အကြမ်းဖက်မှုတွေ၊ ဆူပူအုံကြွမှုတွေနဲ့ လူ့အခွင့်အရေးဖောက်ဖျက်မှုတွေ ဖြစ်ပြီးတော့ အသွင်ကူးပြောင်းသွားတဲ့နိုင်ငံတွေက အစိုးရသစ်တွေကထူထောင်တာ၊ ဒါမှအဲဒီဖောက်ဖျက်မှုတွေကို ပြန်သိပြီးဖော်ထုတ်နိုင်မှာ။ အဲဒါကြောင့် ဒီမှာကမတူတဲ့အခြေအနေဖြစ်နေတယ်။ မြန်မာနိုင်ငံကအသွင်ကူးပြောင်းမှုက ရွေးကောက်ပွဲနဲ့ ငြိမ်းငြိမ်း ချမ်းချမ်းဖြစ်သွားတာ။"

ဟူ၍ဖြစ်သည်။

MNHRC ကော်မရှင်အဖွဲ့ဝင်များ ပဋိပက္ခနယ်မြေများသို့ ခရီးသွားခြင်းများမှာ ရုတ်တရက်ကြည့်လျှင် အပြုသဘောဆောင်သော လုပ်မ်းတစုအဖြစ်မြင်ရသော်လည်း ဤကွင်းဆင်းခရီးစဉ်တို့၏ရလာဒ်များအရ ယင်းခရီးစဉ်တို့သည် လူထုဆက်ဆံရေးလုပ်ကွက်များသာ ဖြစ်ပုံရနေသည်။ MNHRC ကြေညာချက်များက ၎င်းကော်မရှင်သည် စစ်အစိုးရနှင့်မြန်မာ့တပ်မတော်ကျူးလွန်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်း သတင်းပို့အစီရင်ခံနိုင်ရန်လွတ်လပ်သည့်အခင်းအကျင်းမရှိသည်ကို ရှင်းလင်းစွာဖော်ပြနေသည်။

ပြီးခဲ့သည့်နှစ်အတွင်း MNHRC ၏လုပ်ရှားမှုများအရ ၎င်းသည် နိုင်ငံတကာအသိုင်းအဝိုင်းအမြင်တွင် မြန်မာ့လူ့အခွင့်အရေးမှတ်တမ်းကို "အပေါ်ယံအလှချယ်" ရန်နှင့် စစ်အစိုးရကို တရားဝင်စေရန် ဖန်တီးပေးသည့် ဌာနသက်သက်သာဖြစ်ကြောင်း အလွန်ခိုင်မာသည့် ထင်မြင်ချက် ဖြစ်ပေါ်စေပါသည်။

### ၄။ NGO များနှင့် တိုင်ပင်ညှိနှိုင်းခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

MNHRC သည် နိုင်ငံတကာ ဇာတ်ကောင်များနှင့် ထိတွေ့ဖို့ စိတ်အားသန်ပုံရသည်။ MNHRC အသက်သွင်းရေးအက်ဥပဒေ ရေးဆွဲရေးလုပ်ငန်း၌ အာရှပစိဖိတ်ဆုံဆည်းရာအဖွဲ့ (APF) ပါဝင်ပတ်သက်ခဲ့သည်။ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ကလည်း ကော်မရှင်နှင့် စတင်ထိတွေ့ခဲ့သလို ဆွီဒင် နိုင်ငံတကာဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (SIDA)၊ ရာအူးလ်ဝေါလင်ဘက် လူ့အခွင့်အရေးနှင့်လူသားချင်းစာနာရေးဥပဒေဌာန (RWI)၊ ဆွီဒင်နိုင်ငံ လွန်း်တက္ကသိုလ် တို့နှင့်လည်း ထိတွေ့ဆက်ဆံခဲ့သည်။

သို့သော်လည်း အရပ်ဖက်လူထုအသင်းအဖွဲ့များအပါအဝင် နယ်ခံဇာတ်ဆောင်များနှင့် MNHEC ထိတွေ့ဆက်ဆံမှုမှာမူ နည်းပါးနေဆဲဖြစ်သည်။ MNHRC က ရန်ကုန်မြို့တွင် NGO များနှင့် လစဉ်အစည်းအဝေးများ စီစဉ်လုပ်ဆောင်နေသည်ဟု ဆိုသော်လည်း ဤသတင်းကို ကျွန်ုပ်တို့အတည်မပြုနိုင်သေးပေ။ အဘယ့်ကြောင့်ဆိုသော် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ၏ ပြည်တွင်းအခြေစိုက် လုပ်ဖော်ကိုင်ဖက်အအဖွဲ့အစည်းတစ်ဖွဲ့မှ ဤအစည်းအဝေးများနှင့်ပတ်သက်၍ အကြောင်းကြားမခံရသောကြောင့်ဖြစ်သည်။ ထိုမျှသာမကဘဲ အချို့သောလုပ်ဖော်ကိုင်ဖက်အဖွဲ့များက ၎င်းတို့စီစဉ်ပြုလုပ်ခဲ့သော အခမ်းအနားအမျိုးမျိုး၌ပါဝင်ရန် ကော်မရှင်ကိုဖိတ်ကြားခဲ့ပြီး မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများကလည်း MNHRC ကို တည်ထောင်ရေးအက်ဥပဒေဆိုင်ရာတိုင်ပင်ညှိနှိုင်းမှုများ စီစဉ်ကျင်းပဖို့ ဖိတ်ခေါ်စာများပေးပို့ခဲ့သည်ကို လုံးဝပြန်ကြားခြင်းမရှိပေ။ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ သိသလောက်ဆိုရလျှင် MNHRC အသက်သွင်းရေး အက်ဥပဒေ ရေးဆွဲရေးနှင့်ပတ်သက်ပြီး အရပ်ဖက်လူထုအသင်းအဖွဲ့ဇာတ်ဆောင်များနှင့် မည်သည့်တိုင်ပင်ဆွေးနွေးမှုမှ ပြုလုပ်ခဲ့ခြင်းမရှိပေ။

ကော်မရှင်သည် အရပ်ဖက်လူထုအသင်းအဖွဲ့အချို့နှင့် တွေ့ဆုံဆွေးနွေးမှုအကြောင်း အလွန်တရာမှတ်ဆိတ်နေခဲ့ပြီး NGO များနှင့် ထိတွေ့ဆက်ဆံမှုလည်း အလွန်တရာမှနည်းပါးလှသည်။ ၂၀၁၂ ခု ဇူလိုင်လက လူ့အခွင့်အရေးပညာပေးဌာန

(မြန်မာနိုင်ငံ) နှင့် တွေ့ဆုံရာတွင် MNHRC က အဖွဲ့အစည်းများအနေဖြင့် တရားဝင်မှတ်ပုံတင်မှသာ ကော်မရှင်နှင့် ထိတွေ့ဆက်ဆံနိုင်သည်ဟု ရှင်းလင်းခဲ့သည်။ ယင်းအချက်မှာ ဆိုးဝါးသည့်ပြဿနာ ဖြစ်နေသည်။ အကြောင်းမှာ လက်ရှိ ၁၉၈၈ ခု မှတ်ပုံတင်ဥပဒေသည် အလွန်အမင်းကန့်သတ်ချုပ်ချယ်လှပြီး NGO များကို နိုင်ငံရေးမပတ်သက်ရန် နှင့် ကောင်းမွန်သော အစိုးရဖြစ်ရေးမတောင်းဆိုရန် တားမြစ်ထားသောကြောင့်ဖြစ်သည်။ ဤဥပဒေအောက်တွင် မှတ်ပုံတင်မထားသည့် အသင်းအားလုံးကို မတရားသင်းအဖြစ်ယူဆထားသည်။ ဥပဒေအရ NGO များသည် မှတ်ပုံတင်ကြေးအဖြစ် ကျပ်ငါးသိန်း (ဒေါ်လာ ၅၅၀ ခန့်) အထိ မတန်တဆပေးရန် သတ်မှတ်ထားသည်။

ကော်မရှင်၏ လက်ရှိအနေအထားက ၎င်းသည် လွတ်လပ်သည့် ရပ်ရွာလူထုအဖွဲ့အစည်းများ၊ အောက်ခြေအဖွဲ့အစည်းများထက် အစိုးရနှင့်တွဲဖက်အဖွဲ့များ သို့မဟုတ် မှတ်ပုံတင်ထားသည့်အဖွဲ့များကိုသာ ထိတွေ့ဆက်ဆံဖို့ အလားအလာများမည့်သဘောပြနေသည်။ အရပ်ဖက်လူထုအသင်းအဖွဲ့ဇာတ်ဆောင်များနှင့် ပုံမှန် ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ဆက်ဆံခြင်းက MNHRC ၏ လွတ်လပ်မှုနှင့်တရားဝင်မှုကို ပိုမိုခိုင်မာစေမှုသာ ဖြစ်နိုင်သည်ဆိုသည်ကို ကော်မရှင်အဖွဲ့ဝင်များ နားလည်ဖို့ လိုနေသည်။ လက်ရှိအချိန်တွင် MNHRC သည် အများပြည်သူ သို့မဟုတ် လွှတ်တော်သို့တာဝန်ခံခြင်းထက် သမ္မတထံသို့ ပိုမိုတာဝန်ခံနေပုံရသည်။

## ၅။ နိဂုံးချုပ်ချက်နှင့် အကြံပြုတိုက်တွန်းချက်များ

ယခုအချိန်တွင် MNHRC ၏ လွတ်လပ်မှုနှင့်အမှီခိုကင်းမှုကို သံသယဖြစ်စရာ ထင်ရှားသည့်အကြောင်းတရားများ ရှိနေသည်။ ဤအဖွဲ့သည် မြန်မာနိုင်ငံ ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး အားပေးမြှင့်တင်ရေး လုပ်ရန်ရည်ရွယ်ထားသည့် အခွင့်အာဏာကို ဖြည့်ဆီးရန်ထက် စစ်အစိုးရကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တရားဝင်စေရန် သို့မဟုတ် ဖုံးကွယ်ပေးရန်သာ အကျိုးပြုနိုင်သည်ဟူသည့်အမြင်ကို ထောက်ခံသည့် လက္ခဏာများ ရှင်းရှင်းလင်းလင်းရှိနေသည်။

မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးရေးအရာရှိက ၎င်း၏နောက်ဆုံးအစီရင်ခံစာတွင်

> "ယင်းသို့သောဖြစ်ထွန်းတိုးတက်မှုများရှိသော်လည်း ကော်မရှင်၏ဖွဲ့စည်းတည်ဆောက်ထားမှု၊ ကော်မရှင်၏အခန်းကဏ္ဍ၊ ကော်မရှင်လည်ပတ်နေပုံတို့နှင့်ပတ်သက်ပြီး မေးခွန်းအမြောက်အမြားရှိနေဆဲဖြစ်သည်။ ထို့ပြင် ယနေ့ထိ ၎င်းသည် လုံးဝလွတ်လပ်ပြီး ပါရီမူများနှင့် ကိုက်ညီကြောင်း လက္ခဏာရပ်များ မရှိသေးပေ။"

မကြာမီပေါ်ထွက်လာမည့် MNHRC အသက်သွင်းရေးအက်ဥပဒေက ၎င်း၏ထိရောက်မှု လွတ်လပ်မှုနှင့်စပ်လျဉ်း၍ ယခုအစီရင်ခံစာတွင် တင်ပြထားသော အဓိကစိုးရိမ်ချက်များထဲမှအချို့ကို ဖြေရှင်းပေးနိုင်ကောင်းပါသည်။ MNHRC ကို ပါရီမူများနှင့် ကိုက်ညီစေရန်အတွက် ကော်မရှင်ကို လုံးဝအသစ်ပြန်လည်ဖွဲ့စည်းရန်လိုပေလိမ့်မည်။ ရွေးချယ်ရေးလုပ်ငန်းတွင် အများပါဝင်နိုင်ပြီး ပွင့်လင်းမြင်သာရေးအာမခံရမည်၊ လွတ်လပ်မှုကို အာမခံနိုင်ရန် အစိုးရနှင့်ဆက်စပ်မှုကို ရှင်းလင်းစွာ သတ်မှတ်ထားရမည်၊ မိမိ၏အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို အားကောင်းအောင်လုပ်ရမည်။ ထို့အပြင် လက်ရှိ ကော်မရှင်အဖွဲ့ဝင်များ၏ အတိတ်ရပ်တည်ချက်များအပေါ် စိုးရိမ်မှုများကြောင့် ကော်မရှင်အပေါ် ယုံကြည်နိုင်စွမ်းနှင့် ကော်မရှင်၏တရားဝင်မှုတို့ကို အာမခံနိုင်ရန် MNHRC အဖွဲ့ဝင်များကို ပြန်လည်ရွေးချယ်ဖွဲ့စည်းဖို့ လိုအပ်ပါသည်။

သို့ဖြစ်၍ လူ့အခွင့်အရေးဖောက်ဖျက်မှုခံရသူများကို အကောင်းဆုံးအကျိုးဆောင်ပေးမည့် လွတ်လပ်၍ထိရောက်ပြီး ပွင့်လင်းမြင်သာကာ အများလက်လှမ်းမှီလွယ်သော လူ့အခွင့်အရေးကော်မရှင်တခု မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လာရေးကို ရည်ရွယ်လျက် အောက်ပါအချက်များကို ကျွန်ုပ်တို့ အကြံပြုတိုက်တွန်းအပ်ပါသည်-- ဟု ဆိုထားသည်။

### MNHRC ၊ သမ္မတ နှင့် လွှတ်တော်သို့

- တည်ထောင်ရေးအက်ဥပဒေတွင် MNHRC ၏ အမြဲတမ်းတည်တန့်ရေးနှင့် လွတ်လပ်မှုတို့ကို အာမခံနိုင်ရန် ၎င်း၏ အခန်းကဏ္ဍ နှင့် အာဏာများကို တိတိကျကျ သတ်မှတ်ပေးရန်။

- အပြည့်ပြည်ဆိုင်ရာလူ့အခွင့်အရေးမူများအပေါ် အခြေခံသည့် ကျယ်ပြန့်သောအခွင့်အာဏာ၊ အဖွဲ့ဝင်များ အလွတ်စုံမှု၊ လုံလောက်သည့်ဘဏ္ဍာရေးရင်းမြစ်များ၊ လုံလောက်သည့် စုံစမ်းစစ်ဆေးရေးအာဏာနှင့်တကွ လူထုအခြေပြုအဖွဲ့အစည်းများ၏ ကိုယ်စားပြုမှုတို့ပါဝင်သော ပါရီမူစည်းကမ်းချက်များအားလုံးကို တည်ထောင်ရေးအက်ဥပဒေတွင် အပြည့်အဝထင်ဟပ်ရေးအတွက် အာမခံရန်။
- MNHRC တည်ထောင်ရေးအက်ဥပဒေ ရေးဆွဲရေးလုပ်ငန်းသည် ပွင့်လင်းမြင်သာပြီး အများပါဝင်ဆောင်ရွက်ခွင့် ရှိဖို့အတွက် အာမခံရန်။

ပွင့်လင်းမြင်သာရေးနှင့် အများပြည်သူမှလည်းကောင်း၊ လူထုအခြေပြုအဖွဲ့အစည်းများမှလည်းကောင်း အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို အာမခံနိုင်ရန်အတွက် အောက်ပါခြေလှမ်းများကို အကောင်အထည်ဖော်ဖို့ ကျွန်ုပ်တို့ အကြံပြုတိုက်တွန်းအပ်ပါသည်။ သို့မှသာ MNHRC တည်ထောင်ရေးအက်ဥပဒေရေးဆွဲခြင်းလုပ်ငန်းသည် ယုံကြည်စိတ်ချဖွယ်ဖြစ်ကာ အများပါဝင်နိုင်မှုနှင့် ပွင့်လင်းမြင်သာမှုရှိပြီး ပါရီမူများနှင့်လည်း ညီညွတ်ဖို့ အာမခံနိုင်မည်ဖြစ်သည်--

- အသက်သွင်းရေးအက်ဥပဒေမူကြမ်းကို မြန်မာဘာသာနှင့် အခြားတိုင်းရင်းသားဘာသာစကားများဖြင့် အများပြည်သူသို့ ကျယ်ကျယ်ပြန့်ပြန့်အသိပေးဖြန့်ချိရန်၊ အထူးသဖြင့် မီဒီယာမှတဆင့်ဖြန့်ချိရန်နှင့် ရေးဆွဲရေးလုပ်ငန်းတွင် ပြည်သူလူထုက အနှစ်သာရအပေါ် အကြံပြုတိုက်တွန်းချက်များပေးခြင်း အပါအဝင် အကျိုးရှိစွာပါဝင် ဆောင်ရွက်နိုင်ဖို့ လုံလောက်သည့်အချိန်ပေးရန်။
- အစိုးရအတွင်း၌လည်းကောင်း၊ MNHRC အတွင်း၌လည်းကောင်း၊ ဆုံချက်ပုဂ္ဂိုလ်တဦး လူသိရှင်ကြားသတ်မှတ် ပေးပြီး အက်ဥပဒေရေးဆွဲရေးလုပ်ငန်းကို ကြီးကြပ်ရန်နှင့် လွှတ်တော်ကော်မတီတရပ်ခန့်အပ်ပြီး ကျယ်ပြန့်သည့် တိုင်ပင်ဆွေးနွေးမှု၊ ပြည်သူလူထုနှင့်ဆက်သွယ်မှုတို့ကို အဆင်ပြေချောမွေ့အောင် စီစဉ်ပေးရန်။
- ကနဦး ဥပဒေကြမ်းရေးဆွဲခြင်းမှသည် နောက်ပိုင်းလွှတ်တော်တွင်းဆွေးနွေးမှုအထိ ရေးဆွဲရေးလုပ်ငန်းအဆင့် တိုင်းတွင် အကြံဉာဏ်များ လက်ခံထည့်သွင်းခွင့်ပေးရန်။
- သင့်လျော်သော သက်ဆိုင်ရာပါဝင်သူများအားလုံးနှင့် အများပါဝင်ခွင့်ရှိသောညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းမှတဆင့် အလွှာစုံပါဝင်ရေးအာမခံရန်။ နိုင်ငံတွင်းနှင့် နယ်စပ်တလျှောက်၊ မှတ်ပုံတင်ထားသည်ဖြစ်စေ မှတ်ပုံတင်မထား သည်ဖြစ်စေ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေစိုက်အဖွဲ့အစည်းများ၊ နိုင်ငံတလွှားမှ အောက်ခြေ ပြည်သူလူထုများနှင့် ရပ်ရွာများပါဝင်ရန်။ အထူးသဖြင့် တိုင်းရင်းသားဒေသများ၊ အမျိုးသမီးအဖွဲ့များနှင့် မီဒီယာများလည်းပါဝင်ရန်။
- တိုင်ပင်ညှိနှိုင်းရေးလုပ်ငန်းသည် ထိရောက်ပြည့်စုံပြီး အများပါဝင်နိုင်စေရန်အတွက် အရင်းမြစ်များ အလုံအလောက်ချမှတ်ပေးရေးအာမခံရန်။
- ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းတွင် ပြည်သူလူထု ပါဝင်နိုင်ရန်၊ အထူးသဖြင့် တိုင်းရင်းသားဒေသများအတွက် အထောက်အကူဖြစ်စေနိုင်ပြီး လုံခြုံစိတ်ချရသည့် ဝန်းကျင်အနေအထားရှိရေးကို အာမခံရန်။
- ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းအတွက်လည်းကောင်း၊ တည်ထောင်ရေးအက်ဥပဒေကြမ်းအတွက်လည်းကောင်း နိုင်ငံတကာကျွမ်းကျင်သူများနှင့် အမျိုးသားလူ့အခွင့်အရေးဌာနများ ဒေသဆိုင်ရာကွန်ယက်တို့ထံမှ နည်းပညာ အကူအညီများရယူရန်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့**

- နိုင်ငံတွင်းနှင့် နယ်စပ်တလျှောက်၊ မှတ်ပုံတင်ထားသည်ဖြစ်စေ မှတ်ပုံတင်မထားသည်ဖြစ်စေ လူထုအခြေပြု အဖွဲ့အစည်းများနှင့် ရပ်ရွာအခြေစိုက်အဖွဲ့အစည်းများ၊ နိုင်ငံတလွှားမှ အောက်ခြေပြည်သူလူထုများနှင့် ရပ်ရွာများ၊ အထူးသဖြင့် တိုင်းရင်းသားဒေသများ၊ အမျိုးသမီးအဖွဲ့များနှင့် မီဒီယာတို့နှင့် ပုံမှန်ထိတွေ့ဆက်ဆံရန်။

**လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR)၊ အာရှ ပစိဖိတ်ဆုံဆည်းရာ (APF) နှင့် MNHRC ကိုထိတွေ့ဆက်ဆံနေသည့် နိုင်ငံတကာအဖွဲ့အစည်းများသို့**

MNHRC နှင့်ထိတွေ့ဆက်ဆံရာတွင် အောက်ပါတို့ကို အလေးထားရမည်--

- MNHRC အတွက် ပါရီမူများနှင့် အပြည့်အဝကိုက်ညီသော ခိုင်မာသည့်ဥပဒေအခြေခံဘောင် ရရှိစေရန်။
- နိုင်ငံတွင်းနှင့် နယ်စပ်တလျှောက်၊ မှတ်ပုံတင်ထားသည်ဖြစ်စေ မှတ်ပုံတင်မထားသည်ဖြစ်စေ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် ရပ်ရွာအခြေစိုက်အဖွဲ့အစည်းများ၊ နိုင်ငံတလွှားမှ အောက်ခြေပြည်သူလူထုများနှင့် ရပ်ရွာများ၊ အထူးသဖြင့်တိုင်းရင်းသားဒေသများ၊ အမျိုးသမီးအဖွဲ့များနှင့် မီဒီယာများအပါအဝင် သင့်လျော်သော သက်ဆိုင်ရာပါဝင်သူများအားလုံးနှင့် အများပါဝင်ခွင့်ရတိုင်ပင်ညှိနှိုင်းမှုလုပ်ငန်းကို အားပေးရန်။
- MNHRC ၏ လှုပ်ရှားမှုများနှင့် လုပ်ငန်းများအကြောင်း ပွင့်လင်းမြင်သာမှု တိုးမြှင့်ရန်။
- MNHRC ကို လူ့အခွင့်အရေးချိုးဖောက်ခံရသူများ ပိုမိုလက်လှမ်းမှီနိုင်စွမ်း တိုးမြှင့်ရန်။
- ကော်မရှင်တည်ရှိမှု၊ ကော်မရှင်လုပ်ငန်းနှင့် အခွင့်အာဏာအကြောင်း အများပြည်သူအသိအမြင် တိုးမြှင့်ရေး အတွက် လူ့အခွင့်အရေးချိုးဖောက်ခံရသူများထံ MNHRC ၏ ကွင်းဆင်းဆောင်ရွက်မှုအစီအစဉ်များ စတင်ရန်။
- လူထုအခြေပြုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေစိုက်အဖွဲ့အစည်းများအတွက် ပါရီမူများအပါအဝင် စွမ်းရည်မြှင့်တင်ရေးလှုပ်ရှားမှုများ စတင်ရန်။

- နောက်ဆက်တွဲ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရန်ကုန်မြို့

စာအမှတ်၊ ၄ / ၅၀၃ ( ၁ )/ဆက်ဆံ / မလက
ရက် စွဲ၊ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

သို့

မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ (BURMA PARTNERSHIP)
စာတိုက်သေတ္တာအမှတ်(၁၈၈)၊ မဲဆောက်၊ ၆၃၁၁၀
ထိုင်းနိုင်ငံ

အကြောင်းအရာ။ **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပြန်ကြားခြင်း**

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ (၅-၉-၂၀၁၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည် -

(က) ဦးဝင်းမြ — ဥက္ကဋ္ဌ
သံအမတ်ကြီး(အငြိမ်းစား)

(ခ) ဦးကျော်တင့်ဆွေ — ဒုတိယဥက္ကဋ္ဌ
သံအမတ်ကြီး(အငြိမ်းစား)

(ဂ) ဦးထွန်းအောင်ချိန် — အဖွဲ့ဝင်
ပါမောက္ခ(အငြိမ်းစား)၊ သမိုင်းဌာန

(ဃ) ဦးလှမြင့် — အဖွဲ့ဝင်
သံအမတ်ကြီး(အငြိမ်းစား)

(င) ဦးသန်းဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)၊ သစ်တောဦးစီးဌာန

(စ) ဒေါက်တာဉာဏ်ဇော် — အဖွဲ့ဝင်
ပြည်နယ်ဆရာဝန်ကြီး(အငြိမ်းစား)

(ဆ) ဒေါက်တာဒေါ်သန်းနွဲ့ — အဖွဲ့ဝင်
ပါ မောက္ခ(အငြိမ်းစား)၊ ဥပဒေပညာဌာန

(ဇ) ဒေါ်စောခင်ကြီး — အဖွဲ့ဝင်
ပါမောက္ခ(အငြိမ်းစား)၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန

(ဈ) ဦးတင်ညို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)၊ အခြေခံပညာဦးစီးဌာန

(ည) ဦးခွထီးယိုး — အဖွဲ့ဝင်
ပြည်နယ်ဥပဒေအရာရှိ(အငြိမ်းစား)

(ဋ) ဦးခင်မောင်လေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

(ဌ) ဦးလဖိုင်ဇော်ဂွန်း — အဖွဲ့ဝင်
သံမှူးကြီး(အငြိမ်းစား)

(ဍ) ဦးညွှန့်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဎ) ဒေါ်စန်းစန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

(ဏ) ဦးစစ်မြိုင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
လူမှုဝန်ထမ်းဦးစီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရကြောင်း တိုင်ကြားစာအား လက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း၊

(ခ) နိုင်ငံသားများ၏ မူလအခွင့်အရေးကို ချိုးဖောက်ခံရကြောင်း သတင်းအချက်အလက်ရရှိပါက ယင်းအချက်အလက်များ မှန်ကန်ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်များကို ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း၊

(ဂ) မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ်ပါဝင်ထားသော လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများပါ အခွင့်အရေးများကို အပြည့်အဝခံစား နိုင်ခြင်း ရှိ၊ မရှိ စိစစ်ခြင်းနှင့် မြန်မာနိုင်ငံကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများသို့ တင်သွင်းမည့် အစီရင်ခံစာများအပေါ် အကြံဉာဏ်ပေးခြင်း၊

(ဃ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမပြုရသေးသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများတွင် မြန်မာနိုင်ငံက ပါဝင်ရန် သင့်၊ မသင့်စိစစ်၍ အကြံပြုချက်နှင့်အတူ တင်ပြခြင်း၊

(င) လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(စ) လူ့အခွင့်အရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာ အကူအညီပေးခြင်း၊

(ဆ) လူ့အခွင့်အရေးမြှင့်တင်ရေး ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ ပြည်သူတို့၏ အသိပညာ အဆင့်အတန်းကို မြှင့်တင်ပေးသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဦးဆောင်ခြင်း၊ အကူအညီပေးခြင်း၊

(ဇ) လူ့အခွင့်အရေးမြှင့်တင်ရေး ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မိမိ၏ဆောင်ရွက်ချက်များနှင့် လူ့အခွင့်အရေးတိုးတက်ဖြစ်ပေါ်မှုများဆိုင်ရာ နှစ်စဉ်အစီရင်ခံစာတို့ကို နိုင်ငံတော်သမ္မတထံ တိုက်ရိုက်အစီရင်ခံရမည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ သက်ဆိုင်သူများကိုခေါ်ယူစစ်ဆေးမေးမြန်းနိုင်ပါသည်။ နိုင်ငံတော်၏လိုအပ်ချက်အရ အထူးကန့်သတ်ချက်မှအပသက်ဆိုင်သည့်စာရွက်စာတမ်းများအား တောင်းခေါ်ကြည့်ရှုနိုင်သည်။ အခင်း ဖြစ်အရပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။

၅။ ဤအမိန့်ကြော်ငြာစာအရ ပေးအပ်ထားသောတာဝန်နှင့်လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် ဆောင်ရွက်မှုများအတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူများအား ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမရှိစေရ။

၆။ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်း အတိုင်း ဖြစ်ပြီး သက်တမ်းနှစ်ကြိမ်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
( စစ်မြိုင်၊အတွင်းရေးမှူး)

မိတ္တူကို

- မျှောစာတွဲ
- လက်ခံစာတွဲ

BURMA PARTNERSHIP
မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများ
Strengthening Cooperation for a Free Burma

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

အမှတ် ၂၇၊ ပြည်လမ်း
လှိုင်မြို့နယ်၊ ရန်ကုန်
ပြည်ထောင်စုသမတမြန်မာနိုင်ငံ

**မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ**

စာတိုက်သေတ္တာအမှတ် ၁၈၈
မဲဆောက်မြို့၊ တာ့ခ်ခရိုင်
၆၃၁၁၀ ထိုင်းနိုင်ငံ

၂၀၁၂ ခု မတ်လ ၁၅ ရက်

**ဥက္ကဋ္ဌ ဦးဝင်းမရ ရှင့်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၂ ခု ဇန္နဝါရီလ ၁၂ ရက်နေ့စွဲပါ ပြန်ကြားချက်အတွက် ကျေးဇူးတင်ရှိပါသည်။ ဥက္ကဋ္ဌတို့၏ ဖြေကြားချက်အပေါ်တွင်လည်းကောင်း၊ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများကဲ့သို့ အရပ်ဖက်လူထုအသင်းအဖွဲ့များနှင့် ဥက္ကဋ္ဌတို့ဆက်သွယ်ထိတွေ့ခြင်းအပေါ်တွင်လည်းကောင်း ကျမတို့မှ ကျေးဇူးတင် ဝမ်းမြောက်မိပါသည်။ နိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေးအဆောက်အအုံအဖွဲ့အစည်းများ (NHRI) အနေဖြင့် အရပ်ဖက်လူထုအသင်းအဖွဲ့များနှင့် ထိတွေ့ဆက်ဆံမှုပြုခြင်းအားဖြင့် မိမိတို့၏ လွတ်လပ်မှုနှင့်အလွှာစုံပါဝင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အကူဖြစ်စေရုံသာမက၊ အများ၏အသိအမှတ်ပြုယုံကြည်မှုကို ပိုမိုလေးနက်ခိုင်မာစေခြင်းကြောင့် စွမ်းဆောင်ရည် ပိုမိုထိရောက်မှုရှိစေနိုင်သည်ဟု ပါရီအခြေခံမူများ၌ အသိအမှတ်ပြုထားသည်ဖြစ်ရကား ကျမတို့သည် အနာဂတ်တွင်လည်း ဆက်လက်ဆက်သွယ်ကာ သတင်းအချက်အလက် ဝေမျှဖလှယ်နိုင်ဖို့ မျှော်လင့်ပါသည်။ ထို့အပြင် NHRI များ၏ အစီအစဉ်ဆွဲသည့်အဆင့်မှသည် အကောင်အထည်ဖော်သည့်အဆင့် အကဲဖြတ်သည့်အဆင့်အထိ အဆင့်တိုင်း၌ ပုံမှန်နှင့် အပြည့်အဝညှိနှိုင်းတိုင်ပင်ရေးကိုလည်း ပါရီအခြေခံမူများက အားပေးထောက်ခံထားပါသည်။ သို့မှသာ NHRI တို့၏လုပ်ငန်းကို အရပ်ဖက်လူထုအသင်းအဖွဲ့များက ထောက်ခံ အားပေးမှု သေချာပေါက်ရှိစေမည် ဖြစ်ပါသည်။

ဤအချက်နှင့်ပတ်သက်၍လည်းကောင်း၊ လွတ်လပ်၍ထိရောက်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) အဖြစ် မြန်မာပြည်သူများကို အကောင်းဆုံးအလုပ်အကျွေးပြုနိုင်ရန်အတွက်လည်းကောင်း ကော်မရှင်ကို ပါရီမူများနှင့်ကိုက်ညီသွားစေမည့် အကြံပြုတိုက်တွန်းချက်များ ဆန်းစစ်သုံးသပ်ချက်များကို ကျမတို့မှ ဥက္ကဋ္ဌတို့အား မျှဝေပေးလိုပါသည်။

NHRI တစ်ရပ်၏ တရားဝင်မှု၊ ယုံကြည်စိတ်ချခံရနိုင်မှု၊ ထိရောက်မှုတို့အတွက် လွတ်လပ်အမှီခိုကင်းရေးသည် သော့ချက်ကျသည့် ဂုဏ်အင်္ဂါရပ်ဖြစ်သည်ဟု ကျမတို့က ယုံကြည်ပါသည်။ ပါရီမူများအရ အမျိုးသားအဆောက်အအုံတစ်ခုကို နိုင်ငံ့ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေတရပ်ရပ်ဖြင့် တည်ထောင်သင့်ကြောင်း ဥက္ကဋ္ဌတို့သိရှိပြီး ဖြစ်ပါလိမ့်မည်။ ယင်းဥပဒေတွင် အဆိုပါအဆောက်အအုံ၏ အခန်းကဏ္ဍနှင့် အာဏာရပ်များကို ရှင်းလင်းစွာချမှတ်ထားမှ အဆိုပါ

အဆောက်အအုံ၏ တည်တံ့မှုနှင့် လွတ်လပ်မှုတို့ကို အာမခံနိုင်မည်ဖြစ်ပါသည်။ သို့သော်ငြားလည်း ဆရာတို့၏ပေးစာတွင် ပါရှိသည့်အတိုင်း MNHRC ကို ပြည်ထောင်စုအစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ် ၃၄/၂၀၁၁ ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်နေပါသည်။ ထိုကြောင့် MNHRC အနေဖြင့် ဤချို့ယွင်းချက်ကိုထောက်ပြ၍ သက်ဆိုင်ရာအာဏာပိုင်များကို ကော်မရှင်နှင့်ပတ်သက်သည့် အခြေခံကျသောဥပဒေများချမှတ်ရန် ဆော်ဩသင့်ပါသည်။ ထိုမှုမက MNHRC အနေဖြင့် အောက်ဖော်ပြပါကိစ္စရပ်အချို့ကို ဥပဒေ၌ အသေးစိတ်ထည့်သွင်းဖော်ပြပေးရန်လည်း စည်းရုံးဆော်ဩသင့်ပါ သည်။

- **MNHRC အဖွဲ့ဝင်များခန့်အပ်ရေး လုပ်ထုံးလုပ်နည်းများ**

"ကော်မရှင်ဥက္ကဌ နှင့် အဖွဲ့ဝင်များ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတ၏သက်တမ်းနှင့် အတူတူဖြစ်ရမည်၊ ၎င်းတို့သည် သက်တမ်းနှစ်ကြိမ် တာဝန်ထမ်းဆောင်နိုင်သည်" ဟု ဥက္ကဌတို့၏ပေးစာထဲတွင် ဖော်ပြထားပါသည်။ MNHRC အဖွဲ့ဝင်များကို သမ္မတဦးသိန်းစိန်က ခန့်အပ်ကြောင်းကိုလည်း ကျမတို့မှတ်သားမိပါသည်။ သို့ရာတွင် ခန့်အပ်မှု၊ ထုတ်ပယ်မှုနည်းလမ်း နှင့် စံသတ်မှတ်ချက်များကိုမူ မသိရပါ။

ပါရီမူများနှင့် အခြားသက်ဆိုင်ရာစာတမ်းများတွင် အစိုးရ၏အုပ်ချုပ်ရေးကဏ္ဍက တိုက်ရိုက်ခန့်အပ်ခြင်းမှာ မလိုလားအပ်ဖွယ်ဖြစ်ကြောင်း၊ ခန့်အပ်ရေးလုပ်ငန်းသည် ပွင့်လင်းမြင်သာပြီး အားလုံးအကျုံးဝင် ပါဝင်သင့်ကြောင်း ရှင်းလင်းထားပါသည်။ ထို့ကြောင့် အဖွဲ့ဝင်များ ခန့်အပ်ခြင်း ထုတ်ပယ်ခြင်းကို စိုးမိုးသောသတ်မှတ်ချက်များနှင့် အခြေအနေများ ပွင့်လင်းမြင်သာမှုရှိရန်၊ ဥပဒေဖြင့်ချမှတ်ထားရန်၊ အဖွဲ့ဝင်ခန့်အပ်ခြင်းလုပ်ငန်း၌ လွှတ်တော်နှင့် အရပ်ဖက်လူထု အသင်းအဖွဲ့တို့၏ ကိုယ်စားလှယ်များ ပါဝင်စေရန် ကျမတို့မှ အကြံပြုတိုက်တွန်းအပ်ပါသည်။

- **တာဝန်ခံမှုလမ်းကြောင်းများနှင့် လုပ်ငန်းပိုင်းလွတ်လပ်မှု**

ဆရာတို့၏စာ၌ ဖော်ပြချက်အရ MNHRC သည် "မိမိ၏ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သမ္မတအား တိုက်ရိုက်အစီရင်ခံရမည်" ဆိုသည့်အချက်ကို ကျမတို့က အထူးစိုးရိမ် ပူပန်မိပါသည်။ ပါရီမူများအရကြည့်လျှင် MNHRC သည် အစိုးရကို တာဝန်မခံသင့်ဘဲ အုပ်ချုပ်ရေးကဏ္ဍမဟုတ်သည့် အာဏာပိုင်၊ အများဆုံးအားဖြင့် ဥပဒေပြုကဏ္ဍသို့သာ တာဝန်ခံရမည်ဖြစ်သည်။

MNHRC သည် "နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်မည်" ဟုလည်း ဥက္ကဌတို့မှ ဆိုထားပါသည်။ ပါရီမူများအရဆိုလျှင် NHRI များ၏ အဖွဲ့ဝင်များ ဝန်ထမ်းများတို့သည် အစိုးရအဖွဲ့ဝန်ကြီးများ သို့မဟုတ် အခြားပြည်သူ့ဝန်ထမ်းများထံမှ ညွှန်ကြားချက်များ လက်ခံခြင်း သို့မဟုတ် အခွင့်အာဏာရယူဖို့လိုအပ်ခြင်း မရှိသင့်ပေ။ ထို့အပြင် ကော်မရှင်၏လုပ်ထုံးလုပ်နည်းစည်းမျဉ်းမူကြမ်းကို တရားရေးကဏ္ဍကစိစစ်နေပြီး ဝန်ကြီးအဖွဲ့၏ အတည်ပြုချက်ရရန် စောင့်ဆိုင်းနေကြောင်းလည်း သတင်းကြားသိရပါသည်။ ဤကိစ္စရပ်အားလုံးကိုကြည့်လျှင် MNHRC သည် အစိုးရနှင့် လုံးဝလွတ်ကင်းခြင်းမရှိကြောင်း ပြသနေပါသည်။ ထို့ကြောင့် ဤကိစ္စရပ်များကို ဥက္ကဌတို့အနေနှင့် ရှင်းလင်းပေးနိုင်ပါက ကျမတို့က ဝမ်းမြောက်ကျေးဇူးတင်ပါမည်။ MNHRC သည် လိုအပ်သည့်အပြောင်းအလဲများပြုလုပ်ရန်နှင့် မိမိ၏လွတ်လပ်မှုကို အာမခံချက်ရှိစေရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များကို စည်းရုံးဆော်ဩပေးဖို့ ကျမတို့က အကြံပြုတိုက်တွန်းအပ်ပါသည်။

- **MNHRC ၏ အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်**

ဥက္ကဌတို့စာတွင်ဖော်ပြထားသည့် MNHRC ၏တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များကို ကျမတို့ ကောင်းစွာမှတ်သားမိပါသည်။ သို့ရာတွင် အထက်တွင် ဖော်ပြခဲ့သလို ယင်းအချက်များကို ဥပဒေဖြင့်သတ်မှတ်ပေးရန် ကျမတို့က အကြံပြုတိုက်တွန်းပါသည်။ ထို့အပြင် ပါရီမူများ၌ NHRI တို့၏ "တာဝန်ဝတ္တရားများ" အဖြစ် ဖော်ပြထားသော လုပ်ငန်းတာဝန် အမျိုးမျိုးက အဖွဲ့အစည်းများအနေဖြင့် မလုပ်မဖြစ်လုပ်ဆောင်ရမည့် အရာကိစ္စများရှိကြောင်း ညွှန်ပြနေပါသည်။ ထို့ကြောင့် MNHRC အနေဖြင့် ကျယ်ပြန့်သည့်အခွင့်အာဏာ သေချာပေါက်ရရှိစေရန် အရပ်ဖက်ပြည်သူ့အခွင့်အရေးများ၊ နိုင်ငံရေးအခွင့်အရေးများ

သာမက စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများနှင့်ဆိုင်သည့် အောက်ပါစွမ်းရည်များကို ထည့်သွင်းပေးဖို့လည်း ကျမတို့က အကြံပြုတိုက်တွန်းပါသည်။

### *လူပုဂ္ဂိုလ်တဦးချင်း သို့မဟုတ် အုပ်စုများထံမှ တိုင်ကြားမှုများကို လက်ခံခြင်း*

လူတဦးချင်းတို့ထံမှ တိုင်ကြားမှုများကို လက်ခံမည့် MNHRC ၏ ၂၀၁၁ ခု အောက်တိုဘာ ၆ ရက် နေ့စွဲပါကြေညာချက်ကို ကျမတို့က ကြိုဆိုပါသည်။ လုပ်ထုံးလုပ်နည်းကို ကျမတို့ ပိုမိုနားလည်နိုင်စေရန်အတွက် အောက်ပါကိစ္စရပ်များ နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ကျမတို့အား အသိပေးပါက ဝမ်းမြောက်ကျေးဇူးတင်ရှိပါမည်။

အရပ်ဖက်လူထုအသင်းအဖွဲ့များက ဒုက္ခရောက်သူများကိုယ်စား တိုင်ကြားနိုင်ပါသလား။ MNHRC အနေဖြင့် အဖွဲ့ပေါင်း စုံမှ တိုင်ကြားချက်များကို လက်ခံရယူနိုင်စွမ်း ရှိသင့်သည်ဟု ကျမတို့ယူဆပါသည်။ အချို့လူများအနေဖြင့် အစိုးရဌာနတစ်ခုထံ တိုင်ကြားဖို့ အခက်အခဲရှိနိုင်သည်ကို အသိအမှတ်ပြုဖို့ အရေးကြီးသည်။ ထို့ကြောင့် ၎င်းတို့ကိုယ်စား အရပ်ဖက်လူထုအသင်းအဖွဲ့များက တိုင်ကြားမှုကို ခွင့်ပြုသင့်ပါသည်။

MNHRC သည် ကျူးလွန်ခံရသူများနှင့် သက်သေများအတွက် ကာကွယ်စောင့်ရှောက်ရေးစနစ်များ အဆင်သင့်ရှိထားပါသလား။ အခြေအနေများအရ လက်တုံ့ပြန်ခံရမည့်အန္တရာယ်ရှိနေပါက ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများကို ကာကွယ်စောင့်ရှောက်ပေးသင့်ပါသည်။ ထို့ကြောင့် MNHRC အနေဖြင့် လျှို့ဝှက်မှုကို အားပေးထောက်ကူသည့် စနစ်များ လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်သင့်သည်ဟု ကျမတို့ယူဆပါသည်။ ထို့ပြင် လူ့အခွင့်အရေးဖောက်ဖျက်မှုများအတွက် စုံစမ်းစစ်ဆေးခံနေရသည့် အရာရှိများကို တာဝန်မှရပ်နားထားရန်လည်း အကြံပေးတိုက်တွန်းခွင့် ရှိသင့်ပါသည်။

MNHRC တွင် ကျူးလွန်ခံရသူများအတွက် လျော်ကြေးပေးရန် ထောက်ခံတိုက်တွန်းနိုင်သည့်အာဏာ ရှိပါသလား။ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီးနောက် ကုစားခွင့်ကိုယ်၌သည်ပင်လျှင် အခြေခံအခွင့်အရေးဖြစ်သည်ဟု ကျမတို့ယုံကြည်ပါသည်။

MNHRC ၏ စီရင်ခွင့်ကာလပိုင်းခြားမှု မည်မျှရှိပါသနည်း။ ဆိုလိုသည်မှာ MNHRC သည် အတိတ်ကာလက လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို စုံစမ်းစစ်ဆေးနိုင်ပါသလား။

နောက်ဆုံးအားဖြင့် ပြောရလျှင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအတွင်း မြန်မာနိုင်ငံ၏ကြေညာချက်၌ MNHRC သည် ယခုအချိန်အထိ တိုင်ကြားမှုပေါင်း ၁၂၅၀ လက်ခံရရှိခဲ့ပြီး အမှု ၂၈၃ မှုအပေါ် စုံစမ်းတွေ့ရှိချက်များကို သက်ဆိုင်ရာအစိုးရ ဝန်ကြီးဌာနများသို့ ပေးပို့ခဲ့ကြောင်း ပြောထားပါသည်။ ဤအချက်အလက် ဖော်ပြပေးမှုကြောင့် ကျမတို့က ဥက္ကဋ္ဌတို့ကို ကျေးဇူးတင်ပါသည်။ သို့သော် ဤအစီရင်ခံစာများကို တာဝန်ခံအဖွဲ့အစည်းတခုသို့သာ မပေးပို့ဘဲ အများပြည်သူတရပ်လုံးကိုပါ ပေးပို့အသိပေးသင့်သည်ဟု ကျမတို့ကနှိုးဆော်လိုပါသည်။ ထို့ပြင် အစီရင်ခံစာထဲ၌ လက်ခံရရှိ စုံစမ်းစစ်ဆေးပြီး တိုင်ကြားမှု၊ လေ့လာစောင့်ကြည့်ဆဲတိုင်ကြားမှု နှင့် အစိုးရသို့အကြံပေးချက်များကိုပါ ထည့်သွင်းသင့်ပါသည်။

### *တည်ဆဲဥပဒေများနှင့် ဥပဒေမူကြမ်းများအပေါ်မှတ်ချက်ချခြင်း*

ပါရီအခြေခံမူများအရ NHRI များသည် မိမိကိုယ်ပိုင်ရှေ့ဆောင်ထိုးထွင်းမှုဖြင့် ဥပဒေများကို လေ့လာစောင့်ကြည့်နိုင်သည့် အာဏာရှိသင့်သည်ဟု ချမှတ်ထားပါသည်။ ဆိုလိုသည်မှာ NHRI များသည် လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် ဥပဒေအားလုံးကို သုံးသပ်ကာ သင့်တော်သလို ပြင်ဆင်ချက်များ အကြံပြုတိုက်တွန်းရပါမည်။ မြန်မာနိုင်ငံ၏ လက်တွေ့အနေအထားအရ ဥပဒေဟောင်းများ သို့မဟုတ် တည်ဆဲဥပဒေများသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီကြောင်း MNHRC ကအာမခံဖို့ အထူး အရေးကြီးပါသည်။ ဥပဒေမူကြမ်းအသစ်များသည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီနိုင်သော်လည်း ဖိနှိပ်သည့် ဥပဒေဟောင်းများ သို့မဟုတ် တည်ဆဲဥပဒေများ ဆက်လက်တည်တံ့နေသရွေ့ ထိရောက်မှုရှိမည် မဟုတ်ပေ။

ထို့ကြောင့် MNHRC အနေဖြင့် မိမိ၏တာဝန်ဝတ္တရားများ နှင့် လုပ်ပိုင်ခွင့်များစာရင်းတွင် တည်ဆဲဥပဒေများနှင့် ဥပဒေကြမ်းများ အပေါ် မှတ်ချက်ချခွင့်အာဏာထည့်သွင်းဖို့ တောင်းဆိုဆော်ဩပါရန် နှင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် အပြည့်အဝ မကိုက်ညီဟု ယခင်ကသတ်မှတ်ခဲ့ကြသည့်ဥပဒေများကို MNHRC က စတင်သုံးသပ်ပါရန် ကျမတို့က အကြံပြုတိုက်တွန်း အပ်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ် မှကာကွယ်စောင့်ရှောက်သည့် ဥပဒေ (၁၉၇၅)၊ မတရားသင်းအက်ဥပဒေ (၁၉၀၈)၊ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၅၂၊ ၅၀၅၊ ၅၀၅ (ခ) နှင့် ၂၉၅ (က)၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ (၁၉၈၅)၊ ရုပ်ရှင်ဥပဒေ (၁၉၉၆)၊ ကွန်ပျူတာသိပ္ပံဖွံ့ဖြိုးရေးဥပဒေ (၁၉၉၆)၊ ပုံနှိပ်နှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ (၁၉၆၂) စသည်တို့ကို သင့်တော်သည့်ပြင်ဆင်မှုများ အကြံပြုတိုက်တွန်းရန် ဖြစ်ပါသည်။

### *ပြည်တွင်းလူ့အခွင့်အရေးအခြေအနေကို စောင့်ကြည့်ခြင်း*

ပါရီမူများတွင် နိုင်ငံလုံးဆိုင်ရာလူ့အခွင့်အရေးအခြေအနေကို စောင့်ကြည့်ရေးသည် NHRI များ၏ အဓိကလုပ်ငန်းတာဝန် ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့ဖြစ်သည့်အားလျော်စွာ ယင်းရည်မှန်းချက်အတွက် အချက်အလက်နှင့် အထောက်အထား စုဆောင်းနိုင်ရန် MNHRC ၌ အာဏာရှိသည်ဆိုသည့်အချက်ကို ကျမတို့ကြိုဆိုပါသည်။ MNHRC က ကချင်ပြည်နယ်နှင့် အင်းစိန်ထောင်၊ လေ့လော့အင်းရဲဘက်စခန်းတို့သို့ သွားရောက်သည်ကိုလည်း ကျမတို့ကြိုဆိုပါသည်။ သို့ရာတွင် အကျဉ်းထောင်များသို့ သွားရောက်ရန် သမ္မတ၏ခွင့်ပြုချက် လိုအပ်သည် ဆိုသည့်သတင်းနှင့် အကျဉ်းသားများနှင့်အင်တာဗျူးကို ထောင်အာဏာပိုင်များရှေ့မှောက်တွင်လုပ်သည် ဆိုသည့်သတင်းတို့ကြောင့် ကျမတို့ စိုးရိမ်ပူပန်မိပါသည်။ ထို့ကြောင့် MNHRC အနေဖြင့် အကျဉ်းဌာနအားလုံးသို့ တံခါးမရှိဓားမရှိ ပုံမှန်သွားရောက်ခွင့်၊ ထောင်အာဏာပိုင်များမပါဘဲ တွေ့ဆုံခွင့် အသေအချာ ရရန် တောင်းဆိုဆော်ဩဖို့ ကျမတို့ အကြံပြုတိုက်တွန်းအပ်ပါသည်။

MNHRC ၌ အားလုံးကိုအကြုံးဝင်သည့် လုပ်ပိုင်ခွင့်အတိုင်းအတာ ရှိမရှိဆိုသော နောက်ထပ်သတင်းအချက်အလက်ကိုလည်း ကျမတို့ရလိုပါသည်။ ဆိုလိုသည်မှာ MNHRC အနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များအပါအဝင် ပုဂ္ဂလိကအဖွဲ့ကြီးများ အများပိုင်အဖွဲ့ကြီးများ၊ ဥပမာ- ရဲ နှင့် ဗမာ့တပ်မတော်တို့၏ လုပ်ဆောင်မှုတို့ကို စောင့်ကြည့်အကဲခတ်နိုင်ပါသလား။

နောက်ဆုံးအားဖြင့် ပြောရလျှင် MNHRC အနေဖြင့် ၂၀၁၁ ခု ဖေဖော်ဝါရီလ ၁၄ ရက်က ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အတိုင်းမဟုတ်ဘဲ ပဋိပက္ခဒေသများမှ ချိုးဖောက်မှုများ စုံစမ်းစစ်ဆေး ရေး၌ ပိုမိုတက်ကြွ ရှေ့ဆောင်မှုရှိရှိပါဝင်ဖို့ ကျမတို့က အားပေးလိုပါသည်။

### *နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိမရှိ စောင့်ကြည့်ရေးနှင့်အကြံပေးရေး၊ ဒေသတွင်းမှနိုင်ငံတကာအဖွဲ့ကြီးများနှင့် ပူးပေါင်းဆောင်ရွက်ရေး*

ဥက္ကဌတို့ပေးစာအရ MNHRC သည် "မြန်မာနိုင်ငံမှ လက်မှတ်ထိုးထားသော နိုင်ငံတကာလူ့အခွင့်အရေး သဘောတူစာချုပ်များ တွင် သတ်မှတ်ထားသည့် အခွင့်အရေးများကို အပြည့်အဝကျင့်သုံးခြင်းရှိမရှိ အကဲဖြတ်" နိုင်ပြီး လက်မှတ်ထိုးမထားသေးသည့် နိုင်ငံတကာလူ့အခွင့်အရေးသဘောတူစာချုပ်များ၌ ပါဝင်ရေးအတွက် အကြံပြုတိုက်တွန်းနိုင်သည် ဟုဆိုထားသည်ကို ကျမတို့ က ကြိုဆိုပါသည်။ ဤအချက်မှာ NHRI တခု၏ ပင်မတာဝန်တရပ်ဖြစ်သဖြင့် ဤကိစ္စနှင့်ပတ်သက်၍ MNHRC က မည်သည့် လုပ်ဆောင်ချက်များ လုပ်ထားသည်ကို မေးမြန်းစုံစမ်းလိုပါသည်။

MNHRC သည် ကုလသမဂ္ဂအေဂျင်စီများ၊ အခြားမိတ်ဆွေအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံနေသည်ကို ကျမတို့က အမှန် အတိုင်း မှတ်သားမိပါသည်။ ဤအေဂျင်စီများနှင့် ပိုမို၍ထိတွေ့ဆက်ဆံရန် ကျမတို့က အားပေးတိုက်တွန်းပါသည်။ အထူးသဖြင့် လူ့အခွင့်အရေးမဟာမင်းကြီးရုံးနှင့်လည်းကောင်း၊ စာချုပ်အာဏာပိုင်အဖွဲ့များနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အထူး လုပ်ထုံးလုပ်နည်းများ အပါအဝင် နိုင်ငံတကာယန္တရားများနှင့်လည်းကောင်း ပိုမိုဆက်ဆံစေချင်ပါသည်။

သို့ရာတွင် ဥက္ကဋ္ဌတို့ ၊စာ၌ ဖော်ပြထားသည့်အချက်ဖြစ်သော MNHRC သည် "နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းများသို့ တင်သွင်းမည့် မြန်မာနိုင်ငံ၏အစီရင်ခံစာများနှင့်ပတ်သက်ပြီး အကြံပေး" ရန် တာဝန်ရှိသည်ဆိုသည့်အချက်ကို စိုးရိမ်မိပါသည်။ ပါရီမူများအရ NHRI များသည် အစိုးရကိုယ်စား နိုင်ငံတကာ့အထက်အဖွဲ့အစည်းများသို့ အစီရင်ခံစာ မတင်သင့်ဘဲ မိမိဌာနကို ကိုယ်စားပြု၍သာ တင်သွင်းသင့်သည်ဟု ထောက်ပြလိုပါသည်။ ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်၍ ဥက္ကဋ္ဌထံမှ ရှင်းလင်းချက်ကို လိုလားပါသည်။

***အများပြည်သူ၊ အာဏာပိုင်များနှင့် သက်ဆိုင်ရာဌာနများကို လူ့အခွင့်အရေးအရာနှင့်ပတ်သက်၍ ပညာပေးခြင်း၊ သတင်းပေးခြင်း***

MNHRC ၏ တာဝန်ဝတ္တရားများအနက် လူ့အခွင့်အရေးအကြောင်း အသိတရားမြှင့်တင်ရန်နှင့် အရည်အချင်းမြှင့်တင်ရေး လုပ်ငန်းများအား ထောက်ကူပေးရန် ပါဝင်ကြောင်းသိရ၍ ကျမတို့ဝမ်းသာလှပါသည်။ ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး ယနေ့အထိ MNHRC အနေဖြင့် ဘာတွေလုပ်ထားသည်ကို ကျမတို့အား ဝေမျှအသိပေးနိုင် မပေးနိုင် သိလိုပါသည်။

- **ရန်ပုံငွေ**

NHRI တို့၏ရန်ပုံငွေများကို ထိထိရောက်ရောက်သုံးရမည်၊ အစိုးရ၏တိုက်ရိုက်ချုပ်ကိုင်မှုအောက်၌ မရှိသော စနစ်တခုဖြင့်၊ ဥပမာ - လွှတ်တော်အတွင်း မဲခွဲဆုံးဖြတ်ခြင်းဖြင့် ပေးကမ်းရမည်ဟု ပါရီမူများက သတ်မှတ်ထားပါသည်။ MNHRC သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာဖြင့် ထူထောင်ခြင်းဖြစ်သဖြင့် နိုင်ငံလုံးဆိုင်ရာဌာနတခုမဟုတ်ဆိုသော အခြေခံအရ လွှတ်တော်က MNHRC ၏ဘတ်ဂျက်ကို ပယ်ချလိုက်သည်ကို ကျမတို့ကြားသိရပါသည်။ ထို့ကြောင့် MNHRC မည်ကဲ့သို့ ဆက်လုပ်မည်ကို ကျွန်မတို့ သိလိုပါသည်။ MNHRC တွင် ရှိရှိသမျှရန်ပုံငွေများအကြောင်း၊ ဝန်ထမ်းအရေအတွက်အကြောင်းတို့ကို မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအပါအဝင် အများပြည်သူသို့ သတင်းအချက်အလက် မျှဝေပေးစေလိုပါသည်။

ဥက္ကဋ္ဌတို့အတွက် ဤအကြံပြုတိုက်တွန်းချက်များ အသုံးဝင်လိမ့်မည်၊ လက်ခံစဉ်းစားလိမ့်မည်ဟု ကျမတို့မျှော်လင့်ပါသည်။ နောက်ထပ် အချက်အလက်များ လိုအပ်ပါကလည်း ကျမတို့မှ ကူညီရန် အသင့်ရှိပါသည်။

ဤစာတွင်ဖော်ပြပါရှိသည့် ကိစ္စရပ်များနှင့် ပြဿနာရပ်များကို လက်ခံစဉ်းစားပေးသည့်အတွက် ကျေးဇူးတင်ရှိပါသည်။ မကြာမီတွင် ဥက္ကဋ္ဌတို့ ၊ထံမှ အကြောင်းပြန်ကြားလိမ့်မည် ဟုကျမတို့မျှော်လင့်နေပါသည်။

လေးစားစွာဖြင့်

ခင်ဥမ္မာ

မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့၏ အကျိုးဆောင်